မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၈၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ပေးမှု၊ စေတနာရှင်များ၏ ပံ့ပိုးမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လေဘေးသင့်ကျေးရွာများ မူလထက်တိုးတက်ကောင်းမွန်လာ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၁၄

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဧရာဝတီတိုင်း ဖျာပုံမြို့သို့ ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ဖျာပုံမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ဖျာပုံမြို့မှ ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒေးဒရဲမြို့နယ် တိုးကျေးရွာတွင် အိုးအိမ်မဲ့ဖြစ်သွားသည့် လေဘေးသင့် ပြည်သူများအား ဆောက်လုပ်ပြီးနေအိမ်များ၌ နေရာချထားပေးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်လျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၇ ကော်လံ ၁ ■

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဇူလိုင် ၁၅ ရက်)

နယ်မြေဒေသများ ဖွံ့ဖြိုးစည်ပင်လာရေး လမ်းပန်းဆက်သွယ်မှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရထားလမ်း၊ကားလမ်းနှင့်အတူ တံတားကြီး၊ တံတားငယ်များကို ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း ရထားလမ်းသစ်များ ဖောက်လုပ်ပေးခဲ့ရာ ပြည်-အောင်လံ-တောင်တွင်းကြီးကို ဆက်စပ်ပြီး ရန်ကုန်မြို့မှ ပုဂံ-ညောင်ဦး-မြင်းခြံ-မန္တလေးအထိလည်းကောင်း၊ ရှမ်းရိုးမတောင်တန်းကို ဖြတ်ကျော်ပြီး ရွှေညောင်-တောင်ကြီး၊ နမ့်စန်အထိ လည်းကောင်း၊ ပုံတောင်ပုံညာ တောင်တန်းကိုဖြတ်၍ ပခုက္ကူ-ကျောမှတစ်ဆင့် ဂန့်ဂေါ-ကလေးအထိလည်းကောင်း ရထားဖြင့်သွားလာနိုင်ကြပြီဖြစ်သည်။

ရန်ကုန်-မန္တလေးရထားလမ်း၏ ဆက်စပ်ရန်ရှိနေသည့် နေပြည်တော်ပျဉ်းမနား-မြို့ဟောင်းအပိုင်း ဒွေးလမ်း ၁၇၅ မိုင်ကျော်ကို အပြီးသတ် နှစ်လမ်းသွားဒွေးလမ်းအဖြစ် ဆက်စပ်ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်သည်။

ခေတ်အဆက်ဆက် ကြံစည်စိတ်ကူးဖြင့်သာ နှစ်သိမ့်ခဲ့ရသည့် ရန်ကုန်-မန္တလေး ဒွေးလမ်း ရထားလမ်းမကြီးသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းအားကြောင့် အောင်မြင်စွာ ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါမြန်မာနိုင်ငံတောင်ပိုင်း ထားဝယ်မြို့မှ မြောက်ပိုင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့အထိ ရထားစီး၍ ခရီးဆန့်နိုင်ကြပြီဖြစ်သည်။ နိုင်ငံတစ်ဝန်း ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ အရှည်၉၅မိုင်ရှိ ကသာ-ဗန်းမော်ရထားလမ်း၊ မန္တလေးအထိ တောက်လျှောက်သွားလာနိုင်သည့် အရှည် ၃၂၂ မိုင်ရှိ ကြံခင်း-ပခုက္ကူရထားလမ်းသစ်များ မကြာမီ ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

ဤကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် နိုင်ငံတော်ပိုင်းက ရထားလမ်းနှင့် ကားလမ်းအပါအဝင် တံတားကြီးများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း ပိုမိုဖွံ့ဖြိုးစည်ပင်တိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး ၉၂လမ်း ၆၇(ခ)နေ အနန္တောအနန္တငါးပါးအား ဦးထိပ်ထား၍ ဦးအာအိ-ဒေါ်ခင်ကြည်မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်အေး၊ ဦးထွန်းနှင့် ဦးသိန်းထွန်းတို့က လက်ခံယူကြသည်။(အောက်ပုံ)

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၅-၇-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၅	၆။	မိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၄၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဗွီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်းရဲ့ နောက်ကွယ်** (အပိုင်း-၄)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်းကပ်လှူပွဲ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယမန်နေ့နံနက် ၅နာရီက နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ဝေဝေသာ၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းဌာနများမှ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ကိုးပါးသီလခံယူ

လှူဒါန်းပွဲတွင် နေပြည်တော်ပျဉ်းမနား သံလမ်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဉာဏဝံသထံမှ ဝန်ကြီးနှင့်ဇနီး၊ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် တရားတော်များကို နာယူကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဘဒ္ဒန္တဉာဏဝံသက အနုမောဒနာတရားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား ဝန်ထမ်းမိသားစုများက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဒဂုံမြို့နယ် MWEA Tower နေ မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်ညွန့်ညွန့်မော် (ခ) ဒေါ်ခင်အုန်းရီ မိသားစုက လေးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အင်းတော်မြို့မဈေးနှင့် အထကကျောင်းဝင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၄

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အဖွဲ့ပိုင် မြို့မဈေးအတွင်းနှင့် အထက ကျောင်းဝင်းအတွင်း ဇွန် ၁၈ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အဘိဓမ္မာခုနှစ်ကျမ်း စာပြန်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၁)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း(အာဂမ+သဘာဝ)စာပြန်ပွဲကြီး ဝါခေါင်လကွယ်နေ့မှ တော်သလင်းလဆန်း ၈ရက် (ဩဂုတ်၃၀ရက်မှ စက်တင်ဘာ ၇ရက်)အထိ ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာရတနာဃရ(အဘိဓမ္မာမွေ့ဗိမာန်တော်)၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စာပြန်ပွဲသို့ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်အရှင်မြတ်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်တို့သည် (၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော်၁၀ရက်) ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီ နောက်ဆုံးထားပြီး ဝင်ခွင့်ပုံစံများကို ဆူးလေစေတီတော်ရှိ အသင်းတိုက်သို့ ပေးပို့ကြရန်နှင့် သင်္ကန်း ဒွိစုံ၊ ဆွမ်း၊ အချိုရည်နှင့် စာစစ်ဆရာတော်များ၊ စာအောင် သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအတွက် စာအောင်ဆု အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းလိုသူများသည် အသင်းတိုက် ဖုန်း-၃၇၈၄၅၇သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(၁၁၉)

လက်ခံယူ

မိဘ ဦးသိန်းထွန်း-ဒေါ်တင်ဥတို့အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ်၂၇နေ ဦးလှမော်-ဒေါ်သန်းသန်းမော်၊ သမီး မမွန်မြတ်မော်၊ မအိမြတ်မော် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးဝင်း အတွင်း ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ကျောက်ရဲကျေးရွာ၌ ဦးလှဝင်း၏ လယ် ၁၂ ဧကတွင် ပေါ်ဆန်းဘေးကျားနှင့် နှံကားမျိုး မိုးစပါး စုပေါင်းစိုက်ပျိုးနေမှုနှင့် စုပေါင်းထွန်ယက်နေမှုများကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

● ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဖျာပုံမြို့မှ ဂုံညင်းတန်းတံတားသို့ သွားရောက်ကြပြီး ဂုံညင်းတန်းတံတားအနီး ဆိပ်ခံမှ တစ်ဆင့် ရေယာဉ်ဖြင့် ဖျာပုံမြို့နယ် ဂျီဝါကျောက်ရဲကျေးရွာအုပ်စုရှိ ဂျီဝါဝစံပြကျေးရွာသို့ သွားရောက်ကြပြီး ရှေးဦးစွာ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား နှုတ်ဆက်ကြသည်။

ရှင်းလင်းပြသ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဂျီဝါဝစံပြကျေးရွာလမ်းများ ပြုပြင်ပြီးစီးမှု၊ နေအိမ်များစနစ်တကျ ပြုပြင်ဆောက်လုပ်ထားမှု၊ ဝင်းခြံများစနစ်တကျခတ်ထားပြီး နေအိမ်ခြံဝင်းများအတွင်း ဟင်းသီးဟင်းရွက်ပင်များ တစ်နိုင်တစ်ပိုင်အိမ်တိုင်းစိုက်ပျိုးထားမှု၊ ယင်လုံအိမ်သာများ ဆောက်လုပ်ပြီးစီးမှု၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး စီစဉ်ပေးထားမှုစသည့် စံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ရှင်းလင်းပြသသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျေးရွာအတွက် ဖွင့်လှစ်ထားသည့် မိုးလေဝသနှင့်ဆက်သွယ်ရေးစခန်းကို ကြည့်ရှုစစ်ဆေးပြီး တယ်လီဖုန်းဆက်သွယ်ပြောဆိုနိုင်မှုများကို မေးမြန်း၍ လိုအပ်သည်များ မှာကြားသည်။

နှုတ်ဆက်အားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂျီဝါဝစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းဝင်းအတွင်း Grand Lotus ခရီးသွားလုပ်ငန်းက ဖွင့်လှစ်ထားသော နယ်လှည့်ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်းကို ကြည့်ရှုစစ်ဆေးကာ ဆရာဝန်များအား နှုတ်ဆက်အားပေးသည်။

တွေ့ဆုံအားပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးခန်းတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေသော ကျေးရွာမှပြည်သူများအားတွေ့ဆုံပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်း၍ အားပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် ဥက္ကဋ္ဌဦးဌေးမြင့်က ဂျီဝါဝစံပြကျေးရွာအတွက် အဖွဲ့ချုပ်က လှူဒါန်းမည့် ရေလုပ်ငန်းသုံးပစ္စည်းများကို ရှင်းလင်းပြသသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက လှူဒါန်းသည့် မျိုးစေ့များကို ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းသုံးပစ္စည်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ကျေးရွာမှ တာဝန်ရှိသူများက ကျေးရွာသူ ကျေးရွာသားများ အသုံးပြုသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအလိုက် လုပ်ငန်းသုံးပစ္စည်း ကိရိယာများကိုလည်းကောင်း၊ကျေးရွာထွက် ကွမ်းသီး၊အုန်းသီးနမူနာများနှင့် ကျေးရွာထွက်ဆန်နမူနာများကိုလည်းကောင်း ရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ ကြည်လင်သန့်ရှင်းသည့်ရေအသုံးပြုနိုင်ရေးအတွက် စေတနာရှင်များ လှူဒါန်းထားသည့် မြေရေစစ်အိုးများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာမူလတန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား နှုတ်ဆက်ကာ ကျောင်းသားကျောင်းသူများအတွက် စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာ၏ မြတ်မင်္ဂလာ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာသူ ကျေးရွာသားများ စာဖတ်သည့် အကျင့်များ တိုးပွားစေရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ဖွံ့ဖြိုးတိုးတက်မှု

ထို့နောက် အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ ယာယီခန်းမ၌ ဖျာပုံခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဦးလွင်က ဂျီဝါဝစံပြကျေးရွာ အကျယ်အဝန်း၊ အိမ်ထောင်စုနှင့်လူဦးရေ၊ လယ်ယာလုပ်ငန်း၊ အုန်းသီးရောင်းဝယ်သည့် လုပ်ငန်းနှင့် ရေလုပ်ငန်းတို့ဖြင့် အသက်မွေးလုပ်ကိုင်မှု၊ ဂျီဝါကျောက်ရဲကျေးရွာအုပ်စုအတွင်းရှိ အခြေခံပညာမူလတန်းကျောင်း လေးကျောင်းစလုံး ပြန်လည်ဖွင့်လှစ်ထားမှုများ၊ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Grand Lotus ခရီးသွားလုပ်ငန်း မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာမင်းက လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ဂျီဝါဝစံပြကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ကျေးရွာအတွက်ပံ့ပိုးပစ္စည်းများကို ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်ဖေအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်ထံ Grand Lotus ခရီးသွားလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာမင်းက ဂျီဝါဝစံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ခရီးသွားဈေးကွက်မြှင့်တင်ရေးကော်မတီကိုယ်စား ကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်က ဖျာပုံမြို့နယ်အတွင်းရှိ လေဘေးသင့်အခြေခံပညာမူလတန်းကျောင်းများ ပြုပြင်ရေးအတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ဂျီဝါကျောက်ရဲကျေးရွာအုပ်စုရှိ ဂျီဝါဝစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းGrand Lotus ခရီးသွားလုပ်ငန်းက ဖွင့်လှစ်ထားသော နယ်လှည့် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းတွင်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက နေအိမ်စုပေါင်းဆောက်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

15-7 (03).pmd 1 7/16/2008, 3:21 AM

နေအိမ်များပြီးစီးမှု ကြည့်ရှုစစ်ဆေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာတွင် ဧဒင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးချစ်ခိုင် ဆောက်လုပ်လှူဒါန်းသည့် အုတ်ဖိနပ်ခံ၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး နေအိမ်များ ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဆက်လက်၍ Asia Express Co., Ltd. ဥက္ကဋ္ဌ ဦးမောင်မောင်က ဂျိုဝါဝစံပြကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွက် အလှူငွေများနှင့် Korea Hope Solidarity မှ Team Leader Mr. Pak Seing Cham က ဂျိုဝါဝစံပြကျေးရွာ မူလတန်းကျောင်းပြုပြင်ရေးနှင့် ကျောက်ရဲ-ကျုံတာကျေးရွာချင်းဆက်တံတား ပြန်လည်တည်ဆောက်ရေးတို့အတွက် အလှူငွေများကို ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က ငါးဖမ်းပိုက်များနှင့် ဒဂုန်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်က ကျောင်းသုံးစာရေးကိရိယာများနှင့် မျိုးစေ့များကို ဝန်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

စနစ်တကျစုဆောင်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်၊ ဖျာပုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဦးလွင်၊ ဂျိုဝါကျောက်ရဲကျေးရွာအုပ်စုနှင့် ကျေးရွာအုပ်စုအတွင်းရှိ ဂျိုဝါဝ၊ ကျောက်ရဲ၊ ကျောင်းစု၊ ငါးအိမ်စုကျေးရွာတို့မှ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား နိုင်ငံတော်အစိုးရ၏စီမံဆောင်ရွက်ပေးမှု၊ စေတနာရှင်များ၏ ပံ့ပိုးကူညီမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် လည်းကောင်း၊ မိုးစပါးစိုက်ပျိုးရေးအတွက် စုပေါင်းထွန်ယက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် တာဝန်ရှိသူများက ဖျာပုံခရိုင်အတွင်း အများဆုံးစိုက်ပျိုးလျက်ရှိသည့် စပါးမျိုးများ၊ ဒေသအတွင်း လယ်ယာများ၌ ဖျက်ဆီးလေ့ရှိသည့် ဖောင်စီးကဏန်းနှင့်သရောကဏန်းနမူနာများ၊ အီးအမ်ဖျော်ရည် ဖျော်စပ်ပုံနှင့် နမူနာအီးအမ်ဖျော်ရည်များကို ရှင်းလင်းပြသကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ကျောက်ရဲကျေးရွာမှ ဂုံညင်းတန်းတံတားအနီးရှိ ဆိပ်ခံသို့ပြန်လည်ရောက်ရှိကြပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဖျာပုံမြို့သို့ ပြန်လည်ထွက်ခွာကြကာ ဖျာပုံမြို့ ဖွံ့ဖြိုးစည်ပင်နေမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် ဖျာပုံမြို့မှ ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ကျေးရွာမှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျုံဒါးကျေးရွာပြန်လည်ထူထောင်ရေး ရေငန်တားတာနှင့် ကျုံစုတ်တာတို့ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုးကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာမှ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုးကျေးရွာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည့် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့် ရန်ကုန်တိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများအား နှုတ်ဆက်ကြသည်။

ရေငန်တားတာ

ဆက်လက်၍ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တိုးကျေးရွာအနီးရှိ ရေငန်တားတာများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေ၊ လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့သွားသည့် လေဘေးသင့် ပြည်သူများအတွက် နေအိမ်များတည်ဆောက်ပြီးစီးမှုနှင့် နေရာချထားပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လေဘေးသင့်ပြည်သူများအတွက် ရေလုပ်ငန်းသုံးပစ္စည်းများပံ့ပိုးပေးမှုများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာတွင် ဧဒင်အုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင် ဆောက်လုပ်လှူဒါန်းသည့် နေအိမ်များ၌ နေထိုင်ကြသည့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

လေဘေးသင့်ကျေးရွာများသည် မူလအနေအထားထက် များစွာတိုးတက်ကောင်းမွန်လာမှုများ၊ ယင်းအခြေအနေကောင်းများကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မှုများ၊ ဝီရိယရှိပါက ဝီရိယအကျိုးကိုခံစားရမည်ဖြစ်ရာ အလုပ်ကို ယခင်ကထက် ကြိုးကြိုးစားစား လုပ်ကြရန်၊ ရရှိသည့်ဝင်ငွေများမှ စနစ်တကျစုဆောင်းပြီး လူနေမှုဘဝ မြင့်မြင့်မားမား နေထိုင်လိုသည့်စိတ်မျိုး မွေးမြူတတ်ရန်၊ ပြည်သူများကို ပညာပေးစည်းရုံး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်သည့် အုန်းသီးခူးခြင်းလုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂျိုဝါဝစံပြကျေးရွာမှ ကျောက်ရဲကျေးရွာသို့ ရေယာဉ်ဖြင့် ရောက်ရှိကြပြီး ကြိုဆိုနှုတ်ဆက်ကြသည့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ရဲကျေးရွာ နန်းဦးကျောင်းတိုက်၌ ကျုံတာအရှေ့ကျောင်းဆရာတော်ဘဒ္ဒန္တဝါယမ၊ နန်းဦးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရနှင့် ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသည့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်းဦးကျောင်းတိုက်၌ ကျောက်ရဲကျေးရွာ ယာယီအခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ်သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဦးလှဝင်း၏ လယ် ၁၂ ဧကခွဲ ပေါ်ဆန်းဘေးကျားနှင့် နံ့ကားမျိုး မိုးစပါးစုပေါင်းစိုက်ပျိုးနေမှုများကို လုပ်ငန်းများကို လာရောက်ကူညီဆောင်ရွက်လျက်ရှိသည့် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)နှင့် ရန်ကုန်တိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

နေအိမ်များကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧဒင်အုပ်စု ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်ဆောက်လုပ်လှူဒါန်းသည့် အုတ်ဖိနပ်ခံ၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးနေအိမ်များ ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဆောက်လုပ်ပြီးနေအိမ်များ၌ လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့သွားသည့် လေဘေးသင့်ပြည်သူများအား နေရာချထားပေးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် နေအိမ်၌ ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

လေကာပင်များ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျိုးခြံကိုကြည့်ရှုစစ်ဆေးကြပြီး သရက်၊ ပိန္နဲစသည့် နှစ်ရှည်သီးနှံပင်များ၊ လေကာပင်များ စိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက နေအိမ်စုပေါင်းဆောက်လုပ်နေမှုကို ကြည့်ရှုအားပေးကြရာ ဒေးဒရဲမြို့နယ် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဧဒင်အုပ်စုကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက နေအိမ်များဆောက်လုပ်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသကြသည်။

ပြန်လည်ပြုပြင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာမှ တိုးကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကြပြီး တမာတကော

စာအုပ်များလှူဒါန်း

ယင်းနောက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နယ်မြေတာဝန်ခံ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းထံ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များကိုပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုက ကျေးရွာပြည်သူများအတွက် စားစရာများကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ကျောင်းသုံးစာအုပ်များကိုလည်းကောင်း ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းထံ ပေးအပ်ကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းထံ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မုန့်ပုံးများပေးအပ်ပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ကျေးရွာဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များအတွက် သင်္ကန်းများကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လေဘေးသင့်ပြည်သူများအတွက် ဧဒင်အုပ်စုကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသည့်နေအိမ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆောက်လုပ်ပြီးနေအိမ်များ၌ အိုးအိမ်မဲ့ဖြစ်သွားသည့်လေဘေးသင့်ပြည်သူများအား နေရာချထားပေးမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုးကျေးရွာမှ ကွမ်းခြံကုန်းမြို့သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိခဲ့ကြပြီး ၄င်းမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်စိုက်ပျိုးပေး

အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင်၏ ၂၀၀၈ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ဂုနာရီက ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေးချီးမြှင့်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူ စံပြငါးဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ယခုနှစ်မိုးရာသီတွင် ရန်ကုန်တိုင်းအတွင်း သစ်ပင်များ စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ သစ်ပင်ပျိုးပင်များပေးအပ်ပြီး အမှတ်တရ သစ်ပင်များကို စိုက်ပျိုးပေးကြကာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက မဟော်ဂနီ၊ ခရေ၊ မန်ကျည်း၊ မဲဇလီ၊ စိန်ပန်း၊ စွယ်တော်၊ ပျဉ်းမနှင့် ကျွန်းပျိုးပင်ပေါင်း ၁၀၀၀၀ ကျော် စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဖြန့်ဝေစိုက်ပျိုး

ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် ခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ သစ်ပင်ပျိုးပင်ပေါင်း နှစ်သိန်းနှစ်သောင်းကျော် ဖြန့်ဝေစိုက်ပျိုးပြီးဖြစ်သည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာရှိ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူ စံပြငါးဧကစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကာတိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် နွယ်ခွေစံပြကျေးရွာရှိ ဦးမြင့်အေး၏ ခြံစည်းရိုးကြက်ဆူ တစ်အုပ်တစ်မစိုက်ခင်း စံပြရှစ်ဧကကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကြက်ဆူဆီဖြင့် မီးအိမ်၊ မီးဖိုများ လက်တွေ့အသုံးပြုနေမှု၊ ခြံစည်းရိုးကြက်ဆူစေ့ကြိတ်စက်ဖြင့် ကြိတ်ခွဲ၍ ကြက်ဆူဆီထွက်ရှိနေမှုနှင့် စိုက်ခင်းမှထွက်ရှိသော ခြံစည်းရိုး ကြက်ဆူစေ့များကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တာမွေ အလိုတော်ပြည့်ကျောင်းတိုက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း တာမွေမြို့နယ်အောင်မြေဗောဓိမွန်ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ပြည်တွင်းပြည်ပသာသနာပြု အဂ္ဂမဟာပဏ္ဍိတ အလိုတော်ပြည့်ဆရာတော်ကြီး အမှူးထား၍ တပည့်ဒါယကာဒါယိကာမများက (၁၁)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲနာရီက ကျင်းပရာ(အပေါ်ပုံ) အလိုတော်ပြည့်ဆရာတော်ကြီးအမှူးပြုသော သံဃာတော်၁၁၂ပါးတို့ ကြွရောက်တော်မူပြီး အလိုတော်ပြည့်ကျောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွေးနှင့် ဂေါပကအဖွဲ့ အမှုဆောင်များ၊ ဝါဆိုသင်္ကန်းအလှူရှင်များ၊ အလိုတော်ပြည့်ဆရာတော်ကြီး၏ ပြည်တွင်း ပြည်ပသာသနာပြု လုပ်ငန်းကြီးများတွင် ပါဝင်လှူဒါန်းလျက်ရှိနေကြသည့် အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုံညီစွာတက်ရောက်ကြည်ညိုကြပြီး နမောတဿသုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အစီအစဉ်အရ ဧည့်ပရိသတ်များက ပြည်တွင်းပြည်ပသာသနာပြု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအရိယဝံသ အလိုတော်ပြည့်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ထံမှ မေတ္တာသုတ်ပရိတ်တရားတော် နာယူကြကာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ် နာယကချုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာ ဘိဝံသထံမှ ရေစက်ချအနုမောဒနာတရားနာယူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။

(က-ပ)

ရွှေတိဂုံစေတီတော် ဝါတွင်းကာလ ဘာသာရေးအခမ်းအနားများ

ရန်ကုန် ဇူလိုင် ၁၄

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ကကြီးမှူး၍ ဝါတွင်းကာလဥပုသ်နေ့များ၌ သီတင်းသီလဆောက်တည်မှု လွယ်ကူစေရန် သီလခံယူပွဲများစီစဉ်ကျင်းပမည်ဖြစ်ပြီး နေ့ထူးနေ့မြတ် အခမ်းအနားဖြစ်သည့် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓ ရုပ်ပွားတော် ငါးဆူအား ရွှေကြာသင်္ကန်း ကပ်လှူခြင်း၊ ဓမ္မစကြာဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ဝါခေါင်လပြည့်နေ့တွင် ပန်းပေါင်း ၈၄၀၀၀ပူဇော်ခြင်းအပြင် ပန်းစေတီ၊ ပန်းပဒေသာပင်များဖြင့် လှည့်လည် ပူဇော်ဆက်ကပ်ခြင်း၊ မေတ္တာသုတ်၊ ခန္ဓသုတ်ပရိတ်တော်များ ရွတ်ဆိုခြင်းကို ဆောင်ရွက်ကြမည် ဖြစ်သည်။

တော်သလင်းလပြည့်နေ့တွင် ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းများဆက်ကပ်ခြင်း၊ ဂရုဓမ္မတရားတော်များနာကြားခြင်း၊ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင် ဆီမီးရောင်စုံများကို အခမ်းအနားဖြင့် လှည့်လည်ပူဇော်ခြင်း၊ စောင်းတန်းလေးသွယ်တွင် လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခြင်း၊ အဘိဓမ္မာတရားတော်များ နာကြားခြင်း စသည့် ဘာသာရေးအခမ်းအနားများ ကျင်းပမည်ဖြစ်သည်။

အများပြည်သူများ လွယ်လင့်တကူ သင့်တင့်သော အလှူငွေဖြင့် အသင့်ဆွမ်းတော်ကြီးကပ်လှူနိုင်ရန် ဂေါပကအဖွဲ့က စီစဉ်ထားပြီးဖြစ်ရာ ဗုဒ္ဓဘာသာနွယ်ဝင်သူတော်စင်များ ပါဝင်ကုသိုလ်ယူ ပူဇော်နိုင်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် အော်တိုအိတ်ချိန်းများစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၄

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်သည် ယမန်နေ့က ရန်ကုန်တိုင်း ကော့မှူးမြို့ အော်တိုအိတ်ချိန်းနှင့် ကွမ်းခြံကုန်းမြို့ အော်တိုအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ကွမ်းခြံကုန်းဆက်သွယ်ရေးစခန်း တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာချုပ်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒေးဒရဲအိတ်ချိန်းနှင့် မိုက္ကရိုဝေ့ဗ်စခန်း တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ဖျာပုံမြို့ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စခန်းတွင် စက်ပစ္စည်းများတပ်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး(အပေါ်ပုံ) ရေဝတီတိုင်းအတွင်း မိုက္ကရိုဝေ့ဗ်စခန်းနှင့် CDMA 450 စခန်းရုံး တည်ဆောက်မည့်မြေနေရာအား ရွေးချယ်သတ်မှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်မြို့ ကျိုက္ကဆံဝင်းအတွင်း လေမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော အိတ်ချိန်းအစား အသစ်တပ်ဆင်ထားသည့် TWD 06 အိတ်ချိန်း တပ်ဆင်ထားရှိမှုကို ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲများကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၈-၂၀၀၉ပညာသင်နှစ်ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲများကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း တက်ရောက်အားပေး ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၈နာရီခွဲတွင် နေပြည်တော် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပေးပြီး သစ်ပင်စိုက်ပျိုးနေကြသည့် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လိုက်လံကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် နေပြည်တော်အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းများသို့ ရောက်ရှိပြီး သစ်ပင်များစိုက်ပျိုးပေးကြကာ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၀၈ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာနရုံး အဆောက်အအုံပတ်ဝန်းကျင်၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က မဟော်ဂနီပင်များနှင့် သရက်ပင်များကို စိုက်ပျိုးပေးသည်။

တပျော်တပါးစိုက်ပျိုးပေး

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများသည် အရိပ်ရပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ၏ သရက်ပင်၊ ကျွန်းပင်နှင့် အရိပ်ရပင်များ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးသည်။

ယမန်နေ့ကစိုက်ပျိုးသည့် သစ်ပင်များမှာ ကျွန်း၊ မဟော်ဂနီ၊ သရက်၊ ပျဉ်းမ၊ တမာ၊ မန်ကျည်း၊ ရေတမာ၊ ငုက်ပျော စုစုပေါင်း ၁၈၅၆ပင်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်တာနက်ကျန်းမာရေး

ကိုယ်ဝန်ဆောင်အမျိုးသမီးများ နံနက်နေရောင်ခြည်ခံပေးပါက ရင်သွေးငယ်များ သွားရောဂါမဖြစ်ပွားနိုင်

အမျိုးသမီးများ ကိုယ်ဝန်ဆောင်နေစဉ်ကာလအတွင်း ဗီတာမင်ဒီ အပြည့်အဝ မရရှိပါက မွေးဖွားလာသော ရင်သွေးငယ်များ အသက်အရွယ်ရလာသည့်အခါ သွားရောဂါများခံစားရနိုင်ကြောင်း ကနေဒါ သုတေသနပညာရှင်များက ဇူလိုင် ၁၃ရက်၌ ပြောကြားသည်။

နေရောင်ခြည်

အထူးသဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ (အပေါ်ပုံ)အနေဖြင့် နံနက်ခင်းနေရောင်ခြည်ကို မိနစ်အတန်ကြာ ထိတွေ့ပေးသင့်ကြောင်း၊ ထိုသို့ နေရောင်ခြည် ထိတွေ့ပေးပါက ရင်သွေးငယ်များ သွားရောဂါခံစားရမည်မဟုတ်ကြောင်း ၎င်းတို့က ပြောကြားသည်။

သွားရောဂါဖြစ်ပွားသည့် ကလေးများကို လေ့လာသုတေသနပြုခဲ့ရာ နေရောင်ခြည် တိုက်ရိုက်ထိတွေ့ခံစားရသော ရင်သွေးငယ်များ၌ သွားရောဂါများဖြစ်ပွားမှု မတွေ့ရှိရကြောင်း သိရသည်။

ဗီတာမင်ဒီ

ထို့အပြင် ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့် ဗီတာမင်ဒီကို အပြည့်အဝရရှိခဲ့ပါက ကလေးငယ်များ၏ အရိုးအဆစ်များ သန်မာစေကြောင်း၊ သွားရောဂါနှင့် အရိုးရောဂါများ ဖြစ်ပွားမှုမရှိအောင် ကာကွယ်ပေးနိုင်ကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

လက်ဘနွန်အစိုးရအဖွဲ့သစ် ဖွဲ့စည်းကြောင်း ကြေညာ

ဘေရွတ် ဇူလိုင် ၁၄

လက်ဘနွန်အစိုးရအဖွဲ့သစ်ကို ဇူလိုင် ၁၁ရက်က ထုတ်ပြန်ကြေညာလိုက်သည်။ သမ္မတသစ် မိုက်ကယ်စူလ်မန် လက်ထက်တွင် ပထမဆုံး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ခြင်းဖြင့် လက်ဘနွန်နိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်မည့် အန္တရာယ်မှ လွတ်မြောက်သွားရပြီဖြစ်သည်။

သမ္မတ မိုက်ကယ်စူလ်မန်က ဆွန်နီဝန်ကြီးချုပ် ဆီနီယိုရာ၊ ရှီးယိုက် တစ်ဦးဖြစ်သူ ပါလီမန်ဥက္ကဋ္ဌ နာဘီဘာရီတို့နှင့်တွေ့ဆုံညှိနှိုင်းအပြီးတွင် အစိုးရသစ်ဖွဲ့စည်းမှု ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်ဘနွန်အစိုးရအနေဖြင့် အဓိကတာဝန်နှစ်ရပ်ရှိကြောင်း၊ တစ်ခုမှာ လက်ဘနွန်နိုင်ငံရေးစနစ်အပေါ် ယုံကြည်မှုပြန်ရရေးနှင့် အခြားတာဝန်မှာ အမြင်ရှင်းသည့် ပါလီမန်ရွေးကောက်ပွဲ ကျင်းပရေးတို့ဖြစ်ကြောင်း ဝန်ကြီးချုပ်ဆီနီယိုရာက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နိုင်ငံတကာသတင်း

စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နည်းပညာသိပ္ပံ

ရေလှိုင်းများ၏ အကျိုးကို သိရှိနိုင်မည့် အဝါရောင် ရေငုပ်သင်္ဘော တီထွင်ထုတ်လုပ်

ဝါရှင်တန် ဇူလိုင် ၁၄

သမုဒ္ဒရာနှင့် ပင်လယ်များအတွင်း ဖြစ်ပေါ်နေသော ရေလှိုင်းများ၏ အကျိုးအာနိသင်နှင့်ပတ်သက်၍ လေ့လာမှုများ ပြုလုပ်သွားရန် အဝါရောင်ရေငုပ်သင်္ဘောငယ်လေးတစ်စင်း **(အပေါ်ပုံ)**ကို အမေရိကန်သုတေသနပညာရှင်များက တီထွင်ထုတ်လုပ်လိုက်ကြောင်း ၎င်းတို့က ဇူလိုင် ၁၃ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါရေငုပ်သင်္ဘောလေးသည် အမေရိကန်နိုင်ငံ နယူးဂျာစီမြို့မှ စပိန်နိုင်ငံသို့ ခုတ်မောင်းမည်ဖြစ်သည်။ ထိုသို့ ခုတ်မောင်းရာတွင် ပင်လယ်သမုဒ္ဒရာရေလှိုင်းများ လှုပ်ခတ်မှုမှ မည်သို့အကျိုးကျေးဇူးများစွာပေးနိုင်သည်ကို သိရှိနိုင်ရန်ဖြစ်သည်။

၎င်းရေငုပ်သင်္ဘောလေးတွင် သမုဒ္ဒရာအတွင်းရှိ လေဖိအား၊ ရေဖိအားစသည်တို့ကို အနီးကပ်လေ့လာသွားနိုင်မည့် ကိရိယာများပါရှိသည်။ ထို့အပြင်ရေလှိုင်းများကြောင့် ဖြစ်ပေါ်လာသော အကျိုးကျေးဇူးများကို တွက်ချက်ဖော်ပြပေးနိုင်မည့် ကိရိယာများလည်း ပါရှိကြောင်း သိရသည်။ **(အင်တာနက်)**

မိုဇမ်ဘစ်ရေလက်ကြားမှ ကိုမိုရို့စ်နိုင်ငံ ဆိုသည်မှာ....

သတင်းအက်ဆေး

ကိုမိုရို့စ်နိုင်ငံသည် အရှေ့တောင် အာဖရိကနှင့် အနောက်မြောက် မာဒါဂါစကာ အကြား မိုဇမ်ဘစ်ရေလက်ကြား ဒေသတွင် တည်ရှိသည်။ ကိုမိုရို့စ်ကျွန်းများဖြင့် ဖွဲ့စည်းထားသည့် ဤနိုင်ငံသည် သာယာသော ပင်လယ်ကမ်းခြေ ငွေသောင်ယံတို့ဖြင့် အားလပ်ရက် အပန်းဖြေလိုသူများ အတွက် ကွန်းခိုရာ ဖြစ်နိုင်ခြေ ရှိလင့်ကစား ဗဟိုအစိုးရနှင့် တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည့် ကျွန်းများအကြား တင်းမာမှုကြောင့် နိုင်ငံရေး တည်ငြိမ်အောင် အပတ်တကုတ် လုံးပန်းနေရလေသည်။

ဤနိုင်ငံ၏ နိုင်ငံရေးအကြမ်းဖက်မှုသမိုင်းက ကိုမိုရို့စ်ပြည်သူများအား နာလန်မထူနိုင်အောင် မွဲပြာကျလျက်ရှိချေသည်။ တစ်ခါတစ်ရံတွင် နိုင်ငံတော် ပြိုကွဲလုမတတ် ယိမ်းယိုင်ခဲ့ရသည်။

ကြုံခဲ့ရ

၁၉၇၅ ခုနှစ်တွင် ပြင်သစ်လက်အောက်ခံကိုလိုနီဘဝမှ လွတ်မြောက်အပြီး ရက်သတ္တပတ်များအတွင်းတွင် သမ္မတ အာမက်အဗ္ဗဒါလာအား ပြင်သစ်ကြေးစားစစ်သား ဗိုလ်မှူးကြီးဘော့ဒီနတ်၏ အကူအညီဖြင့် အာဏာသိမ်းသည့်အခါမှစတင်ကာ ဤနိုင်ငံတွင် အကြိမ်ပေါင်း ၂၀ကျော် အာဏာသိမ်းမှု သို့မဟုတ် အာဏာသိမ်းရန် ကြိုးပမ်းမှုများ ကြုံခဲ့ရသည်။

ဤနိုင်ငံသည်၁၈၈၆ခုနှစ်တွင်ပြင်သစ်ထိန်းသိမ်းစောင့်ရှောက်ခံ နိုင်ငံဖြစ်လာသည်။ ၁၉၁၂ ခုနှစ်တွင် မာဒါဂါစကာမှ အုပ်ချုပ်သည့် ပြင်သစ်ကိုလိုနီ တစ်ခုဖြစ်လာသည်။ ၁၉၄၂ ခုနှစ်တွင် ဗြိတိသျှတပ်များကိုမိုရို့စ်နှင့်မာဒါဂါစကာတို့ကိုကျူးကျော်ပြီး နယ်မြေများကို ချားလ်ဒီဂေါ၏ လွတ်လပ်သော ပြင်သစ်အစိုးရထံ လွှဲအပ်သည်။ ၁၉၄၇ခုနှစ်တွင် ပြင်သစ်၏ ပင်လယ်ရပ်ခြားပိုင်နက် နယ်မြေတစ်ခု ဖြစ်လာသည်။ ၁၉၆၁ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသည်။

၁၉၇၄ ခုနှစ်တွင် ကျွန်းသုံးကျွန်းက ကိုမိုရို့စ်နိုင်ငံအဖြစ် လွတ်လပ်ရေးကြေညာရန်ဆုံးဖြတ်သည်။ မေယော့ကျွန်းက ပြင်သစ် နှင့်တွဲဖက်နေခဲ့ရန် ဆုံးဖြတ်သည်။ ၁၉၇၅ခုနှစ် ဇူလိုင်လတွင် ကိုမိုရို့စ် လွတ်လပ်ရေးကြေညာပြီး သမ္မတအဖြစ် အာမက်အဗ္ဗဒါ လာကတာဝန်ယူသည်။ သို့သော် ထိုနှစ်ဩဂုတ်လတွင် ပြင်သစ်ကြေးစားစစ်သား ဗိုလ်မှူးကြီးဘော့ဒီနတ်၏ အကူအညီဖြင့် သမ္မတကို ဖြုတ်ချအာဏာသိမ်းပြီး မင်းသား ဆာအစ်မိုဟာမက်ဂျက်ဖာကို သမ္မတခန့်သည်။

၁၉၇၆ ခုနှစ်တွင် သမ္မတဂျက်ဖာကို အလီဆိုလီဖြင့် အစားထိုးသည်။သူကနိုင်ငံကို ဆိုရှယ်လစ်သမ္မတနိုင်ငံအဖြစ် ပြောင်းရန် ကြိုးပမ်းသည်။ ၁၉၇၈ ခုနှစ်တွင် ဒီနတ်ဦးဆောင်သည့် ကြေးစားစစ်သားများက ဆိုလီကိုဖြုတ်ချအာဏာသိမ်းပြီး ကွပ်မျက်ပစ်လိုက်သည်။ အဗ္ဗဒါလာကို အာဏာအပ်လိုက်သည်။

၁၉၈၉ ခုနှစ်တွင် ဒီနတ်ကွပ်ကဲမှုအောက်မှသမ္မတလုံခြုံရေးအစောင့်က အဗ္ဗဒါလာအား လုပ်ကြံလိုက်သည်။ ပြင်သစ်တပ်များက ကြားဝင်ဆောင်ရွက်ပေးပြီး ဒီနတ်အား နှင်ထုတ်လိုက်သည်။

လက်နက်ချ

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆာအစ်မိုဟာမက်ဂျိုဟာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၉၅ခုနှစ်တွင် ဒီနတ်ဦးဆောင်သည့် အာဏာသိမ်းရန် ကြိုးပမ်းမှုဖြင့် သမ္မတဂျိုဟာအား ရာထူးမှ ဖယ်ရှားလိုက်သည်။ ပြင်သစ်တပ်များက ကြားဝင် ဆောင်ရွက်ပေးသည့်အတွက် ဒီနတ် လက်နက်ချလိုက်ရသည်။

၁၉၉၆ ခုနှစ်တွင် မိုဟာမက်အဗ္ဗဒူကာရင်တာကီအား သမ္မတအဖြစ်ရွေးချယ်တင်မြှောက်သည်။ သမ္မတအာဏာတိုးချဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသည်။ ၁၉၉၇ခုနှစ် ဩဂုတ်လတွင် အင်ဂျူအန်ကျွန်းနှင့် မိုဟီလီကျွန်းတို့က ကိုမိုရို့စ်နိုင်ငံမှခွဲထွက်ပြီး လွတ်လပ်ရေး ကြေညာသည်။ ထိုနှစ် စက်တင်ဘာတွင် အင်ဂျူအန်ကျွန်းမှ တပ်ဖွဲ့ဝင်များက ခွဲထွက်ခြင်းကို ကာကွယ်ရန် ကြိုးပမ်းသည်။ သို့သော် အပြီးအပိုင် ချေမှုန်းခံရသည်။

၁၉၉၈ ခုနှစ်တွင် သမ္မတတာကီ ကွယ်လွန်သဖြင့် ယာယီသမ္မတမတ်ဆောင်ဒေးက သမ္မတရာထူးရယူသည်။ ၁၉၉၉ ခုနှစ်တွင် မတ်ဆောင်ဒေးအား စစ်ဦးစီးချုပ် ဗိုလ်မှူးကြီး အဇာလီအက်ဆူမာနီ ဦးဆောင်ပြီး ဖြုတ်ချအာဏာသိမ်းသည်။

၂၀၀၁ ခုနှစ် မတ်လတွင် အက်ဆူမာနီက အစိုးရသစ်ဖွဲ့စည်းပြီး ၂၀၀၂ ခုနှစ်



အရောက်တွင် အရပ်ဘက်အုပ်ချုပ်ရေး ပြန်ပေးမည်ဟု ကြေညာသည်။ ရွေးကောက်ပွဲတွင် သူပါဝင်မည်မဟုတ်ဟု ဆိုသည်။

၂၀၀၁ခုနှစ် ဩဂုတ်လတွင် ခွဲထွက်အင်ဂျူအန်ကျွန်း ကိုမိုရို့စ်နိုင်ငံအတွင်း ပြန်ရောက်ရန် ရည်ရွယ်ချက်ဖြင့် စစ်ဘက်ကော်မတီက အင်ဂျူအန်တွင် အာဏာသိမ်းသည်။ ထိုနှစ် စက်တင်ဘာတွင် အင်ဂျူအန်၌ ဗိုလ်မှူးဓမ်ဘိုအဂူးဘားအား ဗိုလ်မှူးမိုဟာမက်ဘာကာက ဖယ်ရှားလိုက်သည်။

၂၀၀၁ခုနှစ် နိုဝင်ဘာတွင် အင်ဂျူအန်၌ မအောင်မြင်သည့် အာဏာသိမ်းမှု တစ်ခုဖြစ်ပွားသည်။ ယခုအကြိမ်တွင် ဗိုလ်မှူးကြီး ဆာအစ်အာဘိတ်က အာဏာသိမ်းခြင်းဖြစ်သည်။ သူသည် ဘာကာ၏ ပြန်လည်ပေါင်းစည်းရေး ကြိုးပမ်းချက်များကို ဆန့်ကျင်သည်။

ထောက်ခံ

၂၀၀၁ ခုနှစ် ဒီဇင်ဘာတွင် ပြည်သူများက ဖွဲ့စည်းမှု အခြေခံဥပဒေသစ်ကို ထောက်ခံသည်။ အခြေခံဥပဒေအရ ကျွန်းတစ်ကျွန်းစီအနေဖြင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကိုပေးပြီး ကျွန်းသုံးကျွန်းလုံး နိုင်ငံအဖြစ် တစ်စည်းတစ်လုံး ရှိစေရန် ဖြစ်သည်။ သို့သော် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ ပိုပေးရသည်။

၂၀၀၂ခုနှစ်ဧပြီတွင် ဗိုလ်မှူးကြီးမိုဟာမက်ဘာကာမှာ အင်ဂျူအန်ခေါင်းဆောင်အဖြစ်လည်းကောင်း၊ မိုဟာမက်ဆာအစ်ဖာဇူးမှာ မိုဟီလီခေါင်းဆောင်အဖြစ်လည်းကောင်း ရွေးချယ် တင်မြှောက်ခံရသည်။ အဇာလီအက်ဆူမာနီကိုမူ ပြန်လည်ပေါင်းစည်းသည့် ကိုမိုရို့စ်နိုင်ငံ သမ္မတအဖြစ် တာဝန် ပေးသည်။၂၀၀၃ခုနှစ် ဒီဇင်ဘာတွင်သမ္မတ အက်ဆူမာနီအား အာဏာသိမ်း ဖြုတ်ချရန် ကြိုးပမ်းမှုကို ဖယ်ရှားနိုင်ခဲ့ကြောင်း လုံခြုံရေး တပ်များက ကြေညာသည်။

၂၀၀၄ ခုနှစ်တွင် အမျိုးသားလွှတ်တော် ညီလာခံစတင်သည်။ ပထမဆုံးသော ဖက်ဒရယ်အစိုးရ အဖွဲ့ဝင်များကို သမ္မတ အက်ဆူမာနီက တင်သွင်းသည်။ ၂၀၀၆ခုနှစ် မေလတွင် အင်ဂျူအန်မှ အာမက်အဗ္ဗဒူလာမို ဟာမက်ဆမ်ဘီ ဖက်ဒရယ်သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရသည်။

၂၀၀၇ခုနှစ် မေလတွင် အင်ဂျူအန် သမ္မတမိုဟာမက်ဘာကာ ရာထူးမှ ဆင်းပေးရန် ငြင်းဆိုပြီးနောက် ဖွန်လရွေးကောက်ပွဲတွင် ငြိမ်းငြိမ်းချမ်းချမ်းရှိရန် အာဖရိကသမဂ္ဂ (အေယူ)က တပ်ဖွဲ့ဝင်များ စေလွှတ်သည်။ ဖက်ဒရယ်အစိုးရနှင့် အေယူ တို့ကို အာခံပြီး အင်ဂျူအန်တွင် ဒေသန္တရ ရွေးကောက်ပွဲများပြုလုပ်သည်။ မိုဟာမက်ဘာကာက အင်ဂျူအန် သမ္မတအဖြစ် ကြေညာသည်။ ၂၀၀၇ခုနှစ် နိုဝင်ဘာလတွင် အင်ဂျူအန်ကျွန်းကို အေယူက ရေကြောင်း ပိတ်ဆို့မှုလုပ်သည်။

၂၀၀၈ ခုနှစ် မတ်လတွင် ကိုမိုရို့စ်နှင့် အေယူတပ်ဖွဲ့ဝင်များ အင်ဂျူအန်ကျွန်းကို တက်ရောက်ပြီး ပြန်လည်သိမ်းပိုက်လိုက်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ဘဝအမောပြေ

ကုသလိုက်ပုံက....

ပုဂ္ဂလိက ဆေးခန်းတစ်ခန်းသို့ အမျိုးသမီးတစ်ဦးရောက်ရှိလာပြီး ဆရာဝန်အား အကူအညီတောင်းလေသည်။

အမျိုးသမီး ။ ။ ဒေါက်တာ...ကျွန်မကို ကူညီပါဦး။

ဒေါက်တာ ။ ။ ဟုတ်ကဲ့ပြောပါ။

အမျိုးသမီး ။ ။ ကျွန်မခင်ပွန်းက ညအိပ်ရင် အရမ်းဟောက်တယ်၊ အိပ်လို့မရဘူး။

ဒေါက်တာ ။ ။ ကျွန်တော်ပြောတဲ့အတိုင်း လုပ်ပေးပါ။

အမျိုးသမီး ။ ။ ဟုတ်ကဲ့ပါ။

ဒေါက်တာ ။ ။ ဒီပစ္စည်းတွေ ယူသွားပါ။

အမျိုးသမီး ။ ။ ဘာတွေလဲဆရာ။

ဒေါက်တာ ။ ။ အပ်နဲ့ အပ်ချည်ကြိုးတွေပါ၊ ခင်ဗျားယောက်ျားရဲ့ ပါးစပ်ကို မဟောက်နိုင်အောင် ချုပ်သာထားလိုက်ပါ။

အမျိုးသမီး ။ ။ ''ရှင်''

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး /လေ အခြေအနေ

ဟောင်ကောင် ဇူလိုင် ၁၄

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇူလိုင် ၁၄ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၅°C	တိမ်ထူထပ်
တောင်ကိုရီးယား	ဆိုးလ်	၃၁°C	တိမ်ထူထပ်
ဂျပန်	တိုကျို	၃၂°C	မိုးရွာ
ဖိလစ်ပိုင်	မနီလာ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟနွိုင်း	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
ထိုင်း	ဗန်ကောက်	၃၅°C	လေပြင်းတိုက်၊ မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၂°C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၀°C	မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၆°C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၄°C	တိမ်ထူထပ်
ဩစတြေးလျ	ဆစ်ဒနီ	၂၀°C	သာယာ

(အင်တာနက်)

■ *ရှေ့ဖုံးမှ*

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဦးစီးကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သဘင်၊ ဂီတပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေး နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် မြန်မာ့မြေပေါ်၌ ကမ္ဘာပေါ်တွင် တွေ့ရှိသမျှ ရှေးအကျဆုံးဖြစ်သော လွန်ခဲ့သည့် နှစ်ပေါင်းသန်း ၄၀ က ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိခဲ့ရပြီးနောက် မြန်မာတို့၏သမိုင်းကြောင်း ရှည်လျားမှုသည် စံပြုစရာဖြစ်လာကြောင်း၊ ထို့အတူပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တစ်ရာကျော်သော တိုင်းရင်းသားမျိုးနွယ်စု အားလုံးသည် အသီးတစ်ရာ အညှာတစ်ခုပမာ မျိုးရင်းတစ်ခုတည်းဖြစ်ကြောင်းလည်း ထင်ရှားလာကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အလွန်အေးသည့် ရာသီဥတု၊ ပူအိုက်စွတ်စိုသည့် ရာသီဥတု စသည်ဖြင့် ရာသီဥတု အမျိုးမျိုးရှိသည့်အတွက် ဝတ်စားဆင်ယင်မှုအမျိုးမျိုး ရှိခဲ့ရာ လှိုဏ်မြောင်တောင်တန်းကြီးများနှင့် မြစ်ကြီးများ၏ ကာဆီးထားမှုကြောင့်လည်း ဆက်သွယ်မှုပြတ်တောက်ပြီး ဘာသာစကားအမျိုးမျိုးဖြစ်ထွန်းခဲ့သည်ကိုတွေ့ရကြောင်း၊ သို့သော် ရှေးပဝေသဏီကပင် မြန်မာတိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ ရွှေ့ပြောင်းနေထိုင်ခွင့်ရရှိသည့်အတွက် နိုင်ငံတော်၏ နေရာတိုင်း ဒေသတိုင်းလိုလိုတွင် တိုင်းရင်းသား ပေါင်းစုံတို့သည် ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေထိုင်လျက်ရှိကြကြောင်း၊ ထို့ကြောင့်လည်း မြန်မာဆိုသည့်အမည်သည် တိုင်းရင်းသားမျိုးနွယ်အားလုံး၏ မိသားစုအမည်ပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

မျိုးဆက်သစ်တာဝန်

မြန်မာတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ် မည်မျှမြင့်မားခဲ့သည်ကို သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များက အထင်အရှား

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သက်သေခံလျက်ရှိသည့်အပြင် ကိုယ်ပိုင်အမျိုးသားရေး လက္ခဏာကို ထူးထူးကဲကဲ စောင့်ရှောက်နိုင်သောလူမျိုးအဖြစ် ပြည်ပနိုင်ငံများ၏ အသိအမှတ်ပြုခြင်းကိုလည်း ခံနေရဆဲဖြစ်ကြောင်း၊ ယခုကဲ့သို့ ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံရခြင်းသည် မြန်မာ့ရိုးရာ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့စရိုက်၊ မြန်မာ့လက္ခဏာများကို ထိန်းသိမ်းနိုင်ခြင်းကြောင့်ဖြစ်ကြောင်း၊ ယနေ့ထက်တိုင် ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ထည်ထည်ဝါဝါ ရပ်တည်နေနိုင်ခြင်းသည် ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့၏ **အမျိုးသားရေးသတိ** ကောင်းမွန်မှုကြောင့်ဖြစ်ပြီး ယခုကဲ့သို့ ကောင်းမြတ်သည့်အစဉ်အလာကို လက်ဆင့်ကမ်းသယ်ပိုးရန်အတွက် ယနေ့မျိုးဆက်သစ် တိုင်းရင်းသားလူငယ်တို့၏ တာဝန်ဖြစ်ကြောင်း။

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရန်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ရန်အတွက် ဆောင်ရွက်ရာတွင် အဆို၊ အက၊ အရေး၊ အတီးဆိုသည့် အနုပညာကဏ္ဍသည် အင်အားကြီးမားစွာ ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ကြွယ်ဝပြည့်စုံပြီးဖြစ်တဲ့ အမျိုးသားယဉ်ကျေးမှု အရင်းအမြစ်များကို နိုင်ငံနဲ့လူမျိုးမြင့်တင်ရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်ခြင်းမှ ကာကွယ်ရေး စသည်တို့မှာ တန်ဖိုးရှိရှိ အသုံးချနိုင်စေဖို့အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးများမှာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်တွေကို ဖော်ထုတ်ထိန်းသိမ်းကြရင်း အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာတွေကို တလေးတစား ချစ်ခင်မြတ်နိုးထိန်းသိမ်း စောင့်ရှောက်ဆောင်ရွက်ခြင်းအားဖြင့် တူညီတဲ့စိတ်ဓာတ်တွေ၊ ညီမျှတဲ့စိတ်ထားတွေ၊ ညီညွတ်တဲ့ရပ်တည်မှုတွေ ဖြစ်ထွန်းလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံတဲ့ မျိုးချစ်စိတ်ဓာတ်စွမ်းအားတွေ ပိုမိုခိုင်မာလာအောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေကို အလေးအနက်ထား ကျင်းပသွားဖို့"** လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့်ပြိုင်ပွဲကြီး၏ အနှစ်သာရသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖော်ထုတ်ထိန်းသိမ်းရေးပင်ဖြစ်ကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ (၁၆)ကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်နှစ်များနည်းတူ ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးက တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်ကြီးများ၊ အကဲဖြတ်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲကြီး၏ အနှစ်သာရ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုဖော်ဆောင်နိုင်ရေးအတွက် အကြံကောင်း၊ ဉာဏ်ကောင်းများ ချီးမြှင့်ကြရန်နှင့် ပြိုင်ပွဲကြီး အဆင်ပြေချောမွေ့စွာ ပြီးမြောက်အောင်မြင်ရေးအတွက် အားတက်သရော ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပဏာမ ပြောကြားသည်။

ထို့နောက် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပခဲ့မှုအခြေအနေများ၊ အတွေ့အကြုံများနှင့် ယင်းအတွေ့အကြုံများအပေါ် မူတည်၍ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပိုမိုပြည့်စုံကောင်းမွန်စေရေး စီစဉ်ဆောင်ရွက်ထားမှု၊ ပြိုင်ပွဲကျင်းပမည့်နေရာ၊ နေ့ရက်နှင့် အချိန်ရွေးချယ်လျာထားမှု၊ ပြိုင်ပွဲအတွက်သုံးစွဲကုန်ကျမည့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ သက်ကြီးပညာရှင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ လျာထားဦးတည်ချက်များ၊ ယခုနှစ်ပြိုင်ပွဲတွင် ဘာသာရပ်အသစ်အဖြစ် ထည့်သွင်းကျင်းပမည့် ခေတ်အကြိုက်တေးသီချင်းကဏ္ဍယှဉ်ပြိုင်ရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဖြစ်စေရန် စီစဉ်ထားရှိမှု၊ ပြည်နယ်နှင့်တိုင်းအားလုံးမှ ဘာသာရပ်အားလုံးတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှု၊ ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ပြိုင်ပွဲကျင်းပရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစန်းဝင်းက ပြိုင်ပွဲအခမ်းအနားများကျင်းပမည့် နေ့ရက်၊ အချိန်နှင့်နေရာများလျာထားမှု၊ ကျင်းပမည့်ပြိုင်ပွဲအမျိုးအစားများနှင့် အဆင့်များသတ်မှတ်ထားမှု၊ဇာတ်တော်ကြီးပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲ၊ ပြဇာတ်ပြိုင်ပွဲနှင့် ခေတ်အကြိုက်တေးသီချင်းကဏ္ဍပြိုင်ပွဲတို့အတွက် စည်းကမ်းချက်များ သတ်မှတ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆိုင်ရာ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြိုင်ပွဲကဏ္ဍအလိုက် အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့်ခေါင်းဆောင်များက ဘာသာရပ်အလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ရှင်းလင်းတင်ပြချက်များ

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

အပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရာ၌ ပြိုင်ပွဲ၏ ဦးတည်ချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများက ကြိုးပမ်းဆောင်ရွက်ဖို့လိုကြောင်း။

အထူးသဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ စတင်ပေါ်ထွန်းလာခဲ့သည့် အဓိက ရည်မှန်းချက်ဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးဆိုသည့် ရည်ရွယ်ချက်ကို မျက်ခြည်မပြတ် စောင့်ထိန်းဆောင်ရွက်သွားဖို့လိုကြောင်း။

ထိန်းသိမ်းမြှင့်တင်

ပြိုင်ပွဲကြီးများ၏ ရည်မှန်းချက်နှင့် အရှိန်အဟုန်တစ်နှစ်ထက် တစ်နှစ်မြင့်မားလာစေရအောင် နောင်အရှည်သဖြင့် အစဉ်အလာမပျက် ကျင်းပနိုင်စေရအောင် နိုင်ငံတော်အစိုးရကသာမက ပြည်သူများနှင့် စီးပွားရေး၊ လူမှုရေးအဖွဲ့အစည်းများကပါ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြိုင်ပွဲကျင်းပရေးနာယက အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် တက်ရောက်လာကြသော သဘင်၊ ဂီတအနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဦးတည်ချက်

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကြီးကို(၁)အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ (၂) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊ (၃)တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ (၄) အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုးထိန်းသိမ်း စောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေးဟူသည့် ဦးတည်ချက်(၄)ရပ်ဖြင့် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

စိတ်ဝင်စားဖွယ် သတင်းစုံလင်စွာဖြင့် ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၄)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၄

၁၉၉၆ ခုနှစ်ကစတင်ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ၏သက်တမ်း အရှည်ဆုံး ပြည်တွင်းပြည်ပသတင်းဂျာနယ်ဖြစ်သည့် ပြည်မြန်မာသတင်းဂျာနယ်၏ ယခုတစ်ပတ်ထုတ်ဂျာနယ်အမှတ် (၆၂၄)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် မြန်မာ့ပထမဆုံး သံမဏိအမြန် ရေယာဉ်တည်ဆောက်၊ လယ်သမားတစ်ဦးလျှင် ကျွဲ၊ နွားတစ်ရှဉ်းနှင့် ကျွဲ၊ နွားအစာ သုံးလစာ ပေးအပ်လှူဒါန်းလျက်ရှိ၊ ရန်ကုန်တိုင်းအတွင်း လျှပ်စစ်မီတာများကို နေ့ချင်းပြီး တပ်ဆင်ပေးနေပြီ၊ လာမည့်နှစ် ၄၀၀ အထိသိနိုင်သော နက္ခတ်တာရာဆော့ဖ်ဝဲများကို မြန်မာပညာရှင်များရေးဆွဲနိုင်ခဲ့၊ နေကြတ်ခြင်း၊ လကြတ်ခြင်းတို့ကြောင့် ရာသီဥတုပြောင်းလဲနိုင်၊ နာဂစ်ဒဏ်ခံသစ်ပင်ကြီးများမှ ထုလုပ်သော ပန်းပုအရောင်းပြခန်းဖွင့်လှစ်မည်၊ မောင်ဝိတ်နှင့်အဖွဲ့ကို ယခုလအတွင်းသီးသန့်တရားရုံးတွင် ရုံးထုတ်စစ်ဆေးမည်၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်တွင် ပင်ဂွင်ငှက်ပြခန်းဆောက်လုပ်ပြီးစီး၊ Mr. & Miss Journalist ရွေးပွဲကျင်းပမည်၊ နန္ဒာလှိုင်ဦးစီးသည့် မြရိပ်ညို Beauty Spa ဖွင့်လှစ်၊ မမေ့နိုင်သူတွေအတွက် ဒွေးရှင်သန်နေဆဲ၊ အီရန်က အစ္စရေးနိုင်ငံမြို့တော်နှင့် ပါရှန်ပင်လယ်ကွေ့ရှိ အမေရိကန်တပ်များအထိရောက်နိုင်သည့် ဒုံးကျည်များစမ်းသပ်ပစ်လွှတ်၊ လကမ္ဘာ၏ကျောက်တုံးများကြားတွင် ရေရှိကြောင်းတွေ့ရှိ၊ အီဘရာမိုဗစ်ချ်က ဒေါ်လာဘီလီယံနှင့် ချီ၍တန်သော ဘက်လိုက်မှုများအကြောင်း ထုတ်ဖော်ပြောဆို၊ အမေရိကန်နိုင်ငံသားတစ်ဦး နှစ်လေးထောင်ကျော် ထောင်ဒဏ်အပြစ်ပေးခံရ၊ မိုးပျံပူဖောင်းများတပ်ဆင်ထားသော ကုလားထိုင်ဖြင့် မိုင် ၂၀၀ ကျော် ကောင်းကင်ခရီးထွက်ခဲ့သူ၊ နစ်ကိုးလ်ကစ်ဒ်မင်း သမီးလေးမွေး၊ နိုင်ငံတကာ ငှက်လူသားပြိုင်ပွဲကျင်းပ၊ ၂၀၀၈ မယ်စကြဝဠာသရဖူကို ဗင်နီဇွဲလားမယ်ရရှိ၊ အင်ဂျလီနာဂျိုလီ အမြွှာပူးမွေးပြီ၊ ထူးထူးခြားခြားသတင်းများကို စုစည်းတင်ပြထားသည့် Periscope ကဏ္ဍသစ် စသည့် စိတ်ဝင်စားဖွယ်သတင်းများ နှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံ ထည့်သွင်းဖော်ပြထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆိုးမြင်ဝါဒီများ၏ သွားရာလမ်း

မောင်စေတနာ (B.A,B.Ed)

တစ်ခါတုန်းက မြေခွေးတစ်ကောင် တောတောင်ထဲတွင် လှည့်လည်သွားလာနေရင်း သစ်ပင်တစ်ပင်ပေါ်၌ ဝင်းမှည့်နေသော သပျစ်သီးများကို မြင်သည်။ ပြင်းပြသော စိတ်ဆန္ဒ အာသာငမ်းငမ်းဖြင့် အကြိမ်ကြိမ်ခုန်၍ ဟပ်သည်။ လက်လှမ်းမမီ၊ နောက်ဆုံး စိတ်ဓာတ်ကျ အားလျော့ပြီး ''ဤသပျစ်သီးများသည် ချဉ်၏၊ ငါမစားလို''ဟု ဆိုပြောကာ ထွက်ခွာသွားသည်။ ဤပုံပြင်ကိုအကြောင်းပြု၍ ''သပျစ်သီးချဉ်သည်''ဆိုသော စကားသည် စတင်ဖြစ်ပေါ်လာခဲ့သည်။

သပျစ်သီးချဉ်စကား

ပြည်တွင်း ပြည်ပမှ အမျိုးသားရေးကို ဆန့်ကျင်သော အစွန်းရောက် အဆိုးမြင်ဝါဒီများသည်လည်း ထိုမြေခွေးကဲ့သို့ ဖြစ်နေသည်။ ၎င်းတို့သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ကန့်ကွက်ဆန္ဒမဲ တစ်ခဲနက်ပေးစေရန်အတွက် နာဂစ်မုန်တိုင်းနှင့်အပြိုင် မီးကုန်ယမ်းကုန် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ ထွက်ပေါ်လာသော အဖြေမှာ ၎င်းတို့မျှော်လင့်သလို ဖြစ်မလာ၊ ထောက်ခံဆန္ဒမဲပေးသူက ၉၂ဒသမ ၄၈ရာခိုင်နှုန်းရှိပြီး ကန့်ကွက်ဆန္ဒမဲပေးသူက ၆ဒသမ ၁၁ရာခိုင်နှုန်းမျှသာ။ ထို့ကြောင့် ခွက်ခွက်လန်အောင်ရှုံးပြီး လိပ်ပက်လက်လှန်သလို ဖြစ်သွားကြသည်။ တစ်ယောက်မျက်နှာကိုလည်း တစ်ယောက်မကြည့်ရဲ၊ ပြည်သူများအကြားတွင်လည်း မျက်နှာမွဲ၊ ပြည်တွင်းမှ အဆိုးမြင်ဝါဒီများမှာလည်း မောက်လျက်လဲ၊ ပြည်ပဆရာကြီးများမှာလည်း အရှက်ကွဲပြီး သူခိုးသေလို့ မငိုဝံ့ ဖြစ်ကုန်ကြသည်။ ဤသို့ဖြစ်ရခြင်းမှာ အမှန်တရားဖြစ်သော ပြည်သူတို့၏ဆန္ဒကို ဆန့်ကျင်မိသောကြောင့် နှာခေါင်းကျည်ပွေ့တွေ့ခြင်း ဖြစ်သည်။ သို့သော် နောင်တမရ၊ သေတာတောင် ဝမ်းလျှောမရပ်သလို ယခုအခါ အတည်ပြုပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ သပျစ်သီးချဉ်စကားများကို မိုးလုံးပြည့် ပြောနေကြဆဲ။

အမျိုးသားရေးကို ဆန့်ကျင်သော အဆိုးမြင်ဝါဒီများ၏ တူညီသော သပျစ်သီးချဉ် စကားတစ်ခုမှာ ''အတည်ပြုပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် မြန်မာပြည်တွင် ရေရောထားသော ဒီမိုကရေစီနှင့် စစ်အာဏာရှင်စနစ် ရေရှည်တည်တံ့သွားပြီ''ဆိုသော စကား။

ဤစကား အမှန်/အမှားကို အမျိုးသားအကျိုးစီးပွားကို လိုလားကြသော နေရှင်နယ်ဒီမိုကရက်များ (National Democrats) သည် နိုင်ငံရေးဘောဂဗေဒကို အခြေခံသော အမျိုးသားနိုင်ငံရေး(National Politics)နှင့် အမျိုးသားရေးအမြင် (National Vision) တို့ဖြင့် ယထာဘူတကျစွာ ဝေဖန်ဆန်းစစ်မှုပြုဖို့ လိုပေလိမ့်မည်။

အခြေအနေပြောင်းလဲသွားခြင်း

မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် ပြောင်းလဲခဲ့ပြီ ဖြစ်သည်။ ပြောင်းလဲမှုသည် နိမ့်ရာမှ မြင့်ရာသို့၊ အရေအတွက်မှ အရည်အချင်းသို့ ဖြစ်၏။ ၂၉-၅-၂၀၀၈ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် ၇/၂၀၀၈ဖြင့် အတည်ပြု ပြဋ္ဌာန်းလိုက်ကြောင်း ထုတ်ပြန်ကြေညာပြီး ဖြစ်သည်။ ထိုနေ့မှစတင်၍ တည်ဆဲတပ်မတော်အစိုးရသည် ဆန္ဒမဲပေးခွင့်ရှိသူ ၉၂ဒသမ ၄၈ရာခိုင်နှုန်း၏ ယုံကြည်ကိုးစားထောက်ခံမှုကို ရရှိသော အစိုးရဖြစ်သွားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၄) အသွင်ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များမှ ပုဒ်မ(၄၄၁)တွင် ''အတည်ပြု ပြဋ္ဌာန်းလိုက်သည့် ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုလွှတ်တော်၊ ပထမအကြိမ် အစည်းအဝေး စတင်ကျင်းပသည့် နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်''ဟု ပြဋ္ဌာန်းထားသော်လည်း ပုဒ်မ(၄၄၂)တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီ နိုင်ငံတော် အချုပ်အခြာအာဏာကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်လက် ကျင့်သုံးဆောင်ရွက်ရမည်။ ပုဒ်မ(၄၄၃)တွင်လည်း ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်သည့်လုပ်ငန်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်ဟု ဖွင့်ဆိုထားသဖြင့် တည်ဆဲအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ၂၀၁၀ပြည့်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် တာဝန်အပ်နှင်းခြင်းခံရသော ကြားကာလအစိုးရ (Provisional Government) ဖြစ်လာသည်။ ဤပြောင်းလဲခြင်းနှင့်အတူ မြန်မာပြည်တွင် ဒီမိုကရေစီသည် စတင် သန္ဓေတည်လာသဖြင့် တည်ဆဲအစိုးရသည် ဒီမိုကရေစီကို ကိုယ်ဝန်ဆောင်ထားရသော အစိုးရအဖြစ်သို့ ရောက်ရှိသွားသည်။ ဤကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၀) နိုင်ငံရေးပါတီများအတွက် ပြဋ္ဌာန်းချက်များတွင် ပါရှိသော ပုဒ်မ-၄၀၄/၄၀၅/၄၀၆/၄၀၇/၄၀၈/၄၀၉ တို့နှင့် ညီညွတ်သော နိုင်ငံရေးပါတီများသည် ပေါ်ထွန်းလာကြမည်။ ဤနည်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် စတင် သက်ဝင်လှုပ်ရှားခွင့်ရရှိလာသဖြင့် ဤကာလကို ဖွဲ့စည်းပုံအခြေခံဥပဒေရှိသော (Constitutional Period) ဟုလည်း ဆိုနိုင်ပေသည်။

၂၉-၅-၂၀၀၈ရက်နေ့ မတိုင်မီကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်း မရှိသေးသဖြင့် ထိုကာလ တည်ဆဲအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသေးသော အစိုးရ (Non-Constitutional Government or Defacto Government)**ဖြစ်သည်။ ယနေ့ တည်ဆဲအစိုးရမှာ အထက်ဖော်ပြပါတာဝန်များကို ထမ်းဆောင်ရန် တာဝန်ရှိသော ကြားကာလ အစိုးရ** (Provisional Government or Dejure Government)**ဖြစ်သည်။ အဆိုးမြင်ဝါဒီများသည် ဤပြောင်းလဲမှုဖြစ်စဉ်ကို သေချာဂဏ မသိကြသဖြင့် ယုန် တောင်ပြေး ခွေး မြောက်လိုက် ဂျာအေးသူ့အမေရိုက် ဖြစ်နေကြသည်။**

မှုသားစကား

မြန်မာပြည်တွင် ပါတီစုံ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာချက်အမှတ် ၂/၂၀၀၈ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၀)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော နိုင်ငံရေးပါတီများသည် မကြာသော ကာလတွင် တည်ထောင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်များ ရရှိလာတော့မည်ဖြစ်၏။ ပါတီစုံစနစ်လည်းရှိ၊ ပါတီစုံအထွေထွေရွေးကောက်ပွဲ အချိန်ကာလကိုလည်း တိကျစွာ သတ်မှတ်ထားပြီးဖြစ်သဖြင့် ယင်းလုပ်ဆောင်ချက်များသည် ''အချုပ်အခြာ အာဏာသည် ပြည်သူလူထုမှ ဆင်းသက်သည်'' ''by the people for the people **ဖြစ်ရမည်''ဆိုသော ဒီမိုကရေစီညွှန်းလက်များနှင့် ကိုက်ညီနေသည်။ ထို့ကြောင့် အဆိုးမြင်ဝါဒီများ၏ သပျစ်သီးချဉ်စကားများသည် ယထာဘူတအမြင် ကင်းမဲ့သော အတ္တရှေ့တန်းတင်စကား၊ ပြည်သူကို လှည့်စားသော၊ စော်ကားသော စကားသာ ဖြစ်သည်။**

အခြေခံဥပဒေပါအခွင့်အရေး

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန္ဒမဲပေးခွင့်ရှိသူ ၉၂ဒသမ ၄၈ရာခိုင်နှုန်းတို့၏ ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းလိုက်ခြင်းကြောင့် အနာဂတ်ကာလ ပါတီစုံခေတ်တွင် တပ်မတော်မှ ၂၅ရာခိုင်နှုန်း ပါဝင်ခြင်းသည် အဆိုးမြင်ဝါဒီများ တွေးထင်နေသလို အဓမ္မနည်းလမ်းဖြင့် ပါဝင်ခြင်း မဟုတ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေး (Constitution Right) **အရ ပါဝင်ခြင်း ဖြစ်သည်။ ယခင်/ယခု ပါဝင်မှုများနှင့် ခြားနားနေသည်။ ၎င်းသည်လည်း ''**by the people for the people**''ဖြစ်နေသည်။ ဤအချက်က အဆိုးမြင်ဝါဒီများ၏ သပျစ်သီးချဉ်စကားမှာ ကျိုးကြောင်းဆီလျော်မှုမရှိကြောင်း၊ ပြည်သူအား လှည့်စားနေခြင်းသာဖြစ်ကြောင်း သက်သေပြနေပေသည်။**

သမိုင်းနောက်ခံခြားနားချက်

အနောက်နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် တပ်မတော် ပါဝင်ခြင်းမရှိ၊ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တပ်မတော်မှ ၂၅ရာခိုင်နှုန်းပါဝင်နေသဖြင့် ဒီမိုကရေစီမှာ ရေရောနေသည်၊ စစ်အာဏာရှင်စနစ် မုချဖြစ်မည်ဟု ဆိုပြောသူတွေလည်း ရှိနေသည်။ ဤသည်မှာ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးဆိုင်ရာ သမိုင်းနောက်ခံများ ခြားနားနေမှုကို နားမလည်ခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေး သမိုင်းနောက်ခံ အကြောင်းတရားများသည် နိုင်ငံတစ်ခုနှင့်တစ်ခု ထပ်တူမရှိကြပေ။ အမေရိကန်၏ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေး သမိုင်းနောက်ခံ အကြောင်းတရားများသည် အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီတို့နှင့် မတူသလို ဂျပန်နှင့်လည်း ခြားနားနေသည်။ ထိုင်း၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယားနှင့် အိန္ဒိယတို့၏ ဒီမိုကရေစီဖြစ်ပေါ် တိုးတက်မှုများသည်လည်း အမေရိကန်၊ အင်္ဂလန်တို့နှင့် လုံးဝခြားနားနေသည်။ မြန်မာပြည်သည်လည်း ထိုနည်းတူဖြစ်၏။ ဘယ်လိုနည်းနှင့်မျှ အမေရိကန်၊ အင်္ဂလန်တို့နှင့် တူညီနိုင်မည် မဟုတ်ပေ။

ထိုင်း၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှားနိုင်ငံများ၏ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေး ခေတ်ဦးပိုင်း တာထွက်ကာလတွင် တပ်မတော်သည် ပါဝင်ခဲ့သည်။ ဤသို့ပါဝင်ခြင်းမှာ စစ်အာဏာရှင် သက်ဆိုးရှည်ရေးအတွက် မဟုတ်။ ဒီမိုကရေစီ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်ကြောင်း၊ ယနေ့ခေတ်လို နိုင်ငံများ၏ နိုင်ငံရေးရုပ်ဘဝက အထင်အရှား သက်သေခံလျက်ရှိသည်။ မြန်မာနိုင်ငံ၏ အနာဂတ်သည်လည်း ထိုနည်းနှင်နှင် ဖြစ်သည်။

အမှောင်နှင့်အလင်း

လူ့အဖွဲ့အစည်းတိုင်း၏ ဖြစ်ပေါ်တိုးတက်မှုသည် နိမ့်ရာမှ မြင့်ရာသို့၊ အရေအတွက်မှ အရည်အချင်းသို့ ဖြစ်၏။ မြန်မာနိုင်ငံ၌ ၂၀၁၀ပြည့်နှစ်တွင် ပါတီစုံအစိုးရတစ်ရပ်သည် ဖြစ်ပေါ်လာမည် ဖြစ်သဖြင့် ၎င်းနှင့်အတူ ဒီမိုကရေစီအုပ်ချုပ်ရေးသည်လည်း ပေါ်ထွန်းလာမည်။

နိုင်ငံရေးသဘောတရားခန်းတွင် မင်းမဲ့စရိုက်မျိုးစုံ ရှိနေသော နိမ့်ကျသည့် လူ့အဖွဲ့အစည်းတစ်ခုတွင် အမိန့်အာဏာနှင့် အုပ်ချုပ်ရေးသည် ရှိနေသည်။ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းဥပဒေကို ရိုသေလေးစားသော ယဉ်ကျေးသည့် လူ့အဖွဲ့အစည်းတစ်ရပ်တွင် အမိန့်အာဏာဖြင့် အုပ်ချုပ်ရေးသည် ပျောက်ကွယ်၍ ဒီမိုကရေစီအုပ်ချုပ်ရေးသည် ဖြစ်ပေါ်လာသည်။ အလင်းရောင်မရှိသေးမီ အမှောင်ထုသည် လွှမ်းခြုံနေ၏။ အလင်းလာသော် အမှောင်ထုသည် နောက်ဆုတ် ပျောက်ကွယ်သွားမြဲ။ အလင်းရောင် အားကောင်းလာသည်နှင့်အမျှ အမှောင်ထုသည် လျင်မြန်စွာ ချုပ်ငြိမ်းသွားသည်။ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် အမိန့်အာဏာဖြင့် အုပ်ချုပ်ရေးတို့၏ ဒွန်တွဲ/လွှန်ဆွဲမှုသည်လည်း ထိုနည်းတူဖြစ်၏။ ဒွန်တွဲမှုကိုလည်း မြင်ရာ၏။ လွှန်ဆွဲမှုကိုလည်း သိရာသည်။ ဤသို့နားလည်မှသာလျှင် အမှန်တရား၏ မျက်နှာကို ထင်ရှားစွာမြင်နိုင်မည်။ အနာဂတ် မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ရှိနေသည်။ ပါတီစုံစနစ်လည်း ရှိနေသည်။ ပါတီစုံရွေးကောက်ပွဲလည်း ရှိနေကြသဖြင့် ဒီမိုကရေစီသည်လည်း အမှန်ရှိနေမည်ဟု ဆိုနိုင်ပါသည်။

တပ်မတော်နှင့်မြန်မာ့နိုင်ငံရေး

မြန်မာနိုင်ငံတွင် ဝဲယာဝါရင့် နိုင်ငံရေးသမားဆိုသူများ၏ ဂိုဏ်းဂဏဝါဒမျိုးစုံတို့ကြောင့် တပ်မတော်သည် နိုင်ငံအကျိုးအတွက် နိုင်ငံရေးခန်းတွင် ပါဝင်ခဲ့ရသည်။ တပ်မတော်ပါဝင်ခဲ့မှုသည် အကျိုးတရားဖြစ်၏။ အကြောင်းတရားအစစ်မှာ ဝဲယာဝါရင့်နိုင်ငံရေးသမားဆိုသူများ၏ ဂိုဏ်းဂဏဝါဒသာ ဖြစ်သည်။ ဤအခြေအနေကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ရေး သမိုင်းလမ်းကြောင်းသည် မန္တလေး-ပြင်ဦးလွင် ကားလမ်းလို အတက်အဆင်း၊ အချိုးအကွေ့ပေါင်းများစွာ ဖြစ်ပေါ်ခဲ့ရသည်။ ဤကာလတွင် တပ်မတော်သည် နိုင်ငံနှင့်လူမျိုးအတွက် အရေး(၃)ပါး ဦးထိပ်ထားပြီး သုံးကြိမ်ပါဝင်ခဲ့ရပေသည်။

> ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၀)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော နိုင်ငံရေးပါတီများသည် မကြာသောကာလတွင် တည်ထောင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်များရရှိလာတော့မည်ဖြစ်၏။ ပါတီစုံစနစ်လည်းရှိ၊ ပါတီစုံအထွေထွေရွေးကောက်ပွဲ အချိန်ကာလကိုလည်း တိကျစွာ သတ်မှတ်ထားပြီးဖြစ်သဖြင့် ယင်းလုပ်ဆောင်ချက်များသည် ''အချုပ်အခြာအာဏာသည် ပြည်သူလူထုမှ ဆင်းသက်သည်'' ''by the people for the people ဖြစ်ရမည်''ဆိုသော ဒီမိုကရေစီညွှန်းလက်များနှင့် ကိုက်ညီနေသည်။

ပထမအကြိမ်မှာ ၁၉၅၈ မှ ၁၉၆၀ အထိ
အိမ်စောင့်အစိုးရ (Caretaker Government
ရွက်ခဲ့သည်။

ဒုတိယအကြိမ်မှာ ၁၉၆၂ မှ ၁၉၇
တော်လှန်ရေးကောင်စီ အစိုးရအဖြစ် တာဝန်
၁၉၇၄ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်
ပြည်သူလူထု အုပ်ချုပ်ရေးသို့ အသွင်ပြောင်း
စီးပွားရေးစနစ်ဖြင့် နိုင်ငံကို ဆက်လက်တည်

တတိယအကြိမ်မှာ ၁၉၈၈ခုတွင် တပ်မ
ဖြစ်သည်။ဖြစ်စဉ်မှာ ၁၉၇၄ခု အခြေခံဥပဒေနှင့်
စနစ်ဖြင့် နိုင်ငံကိုတည်ဆောက်ခဲ့ကြသော်လည်
အားနည်းမှုပြဿနာများကြောင့် ၁၉၈၈ခုနှစ်တွ
စနစ်နှင့် စီးပွားရေးစနစ်ကို ပြောင်းလဲပေးရ
သို့သော် လက်ဝဲ၊ လက်ယာ အတ္တဝါဒီ နိုင်င
သွေးထိုးဖန်တီးခဲ့ကြသောကြောင့် မင်းမဲ့ဝါ
ပြည်ထောင်စုပြိုကွဲရတော့မည့် အခြေအနေသို
ထို့ကြောင့် တပ်မတော်က တတိယအကြိမ် တ
ဤအကြိမ်တွင်မူ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတို
တည်ဆောက်ပေးရင်း ပြည်သူတို့က လိုလားတေ
စနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကိုလည်း

အထက်ပါတို့ကို လေ့လာကြမည်ဆိုပါ
တပ်မတော်ပါဝင်ခဲ့မှုများသည် နိုင်ငံနှင့်လူမျိ
ပါဝင်ခဲ့ရခြင်းဖြစ်ကြောင်း မြင်တွေ့ရမည်ဖြစ်
ဝါဒီများသည် မိမိတို့အကျိုးကို ရှေ့တန်းတ
ဆုပ်ကိုင်ပြီး ထိပ်တိုက်ရင်ဆိုင်ရေး၊ ပြည်ပအာ
လွဲမှားစွာ ကျင့်သုံးနေကြခြင်း ဖြစ်သည်။

အမျိုးသားနိုင်ငံရေးနှင့်တပ်

တပ်မတော်၏ တတိယအကြိမ်ပါဝင်မှ
အတွက် ပါဝင်ခြင်းဖြစ်သည်။ ဤကာလကို
ကြည့်မည်ဆိုပါက ဤသို့ မြင်တွေ့ရသည်။

ပထမပိုင်းမှာ ၁၉၈၈မှ ၂၉-၅-၂၀၀
ဤကာလတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းသ
စိုးမိုးရေး၊ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင
စည်းလုံးညီညွတ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပ
ထား ဆောင်ရွက်ခဲ့သည်။

ဒုတိယပိုင်းမှာ ၂၉-၅-၂၀၀၈ရက်နေ့
အစိုးရတစ်ရပ် ပေါ်ထွန်းလာသည့် ကာလအ
ပါဝင်မှုသည် အတည်ပြုပြဋ္ဌာန်းပြီးသော ဖွဲ့စ
(၄၄၂)နှင့် (၄၄၃)အရ ဖွဲ့စည်းပုံအခြေခံဥပ
သတ်မှတ်ချိန်ကာလအတွင်း အကောင်အထည်
ကာလအစိုးရ (Provisional Governme
ဆောင်ရွက်ရန် ဖြစ်သည်။

တတိယပိုင်းမှာ ၂၀၁၀ပြည့်နှစ်မှ အနာ
ဤသို့ပါဝင်ခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြ
ခြင်းဖြစ်ပြီး ဈေးကွက်စီးပွားရေးစနစ်နှင့် ပါတီ
ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူလူထု ကို
တို့နှင့် ပူးပေါင်းပါဝင်ခြင်းဖြစ်သည်။ အာဏာရ
ပါဝင်ခြင်း မဟုတ်ပေ။

ကျားကျားမီးယပ်

**အဆိုးမြင်ဝါဒီများသည် တည်ဆဲအစိုးရ၏
များကို သေချာဂဏမသိ၊ မျက်စိစုံမှိတ်ပြီး
ခြင်းမှာ ပြောသူမရှက်၊ ကြားသူရှက်ဖြစ်ရသည်။
၂၅ရာခိုင်နှုန်း ပါဝင်နေခြင်းသည် ဒီမိုကရေ
ထိခိုက်ခြင်းလည်းမရှိ၊ အာဏာရှင်ဖြစ်ရေးအ
ဒီမိုကရေစီမရှိသေးသော လူမှုရေးပတ်ဝန်းကျ
သော လူမှုပတ်ဝန်းကျင်သို့ ငြိမ်းချမ်းသောနည်း
နိုင်ရေးအတွက် ပါဝင်ခြင်းသာဖြစ်သောကြေ
သပျစ်သီးချဉ်သော စကားသည် လွဲပြီးရင်းလွဲ**

အဆိုးမြင်ဝါဒီတို့၏ သွားရ

နိုင်ငံရေးတွင် ရှုထောင့်တူမှ အမြင်တူ၏
ကွဲသည်။ မြန်မာ့နိုင်ငံရေးသည် အမျိုးသာ
Politics) ဖြစ်သည်။ ၎င်းသည် လက်ဝဲ
အစွန်းရောက် နိုင်ငံရေးတို့နှင့် လုံးဝခြားနားနေသ
အမြင်များဖြင့် မြန်မာ့နိုင်ငံရေးကို ရှုမြင်ပါက
ကြည့်သလိုဖြစ်မည်။ ထို့ကြောင့် ပြည်တွင်းပြ
သပျစ်သီးချဉ် စကားများသည် အမှန်တရားနှင့်
ထင်ရှားလှ၏။ ဤသည်ကိုပင် နောင်တမရနိုင်ဘဲ
အဆိုးမြင်ဝါဒများဖြင့် ဆက်လက် မိုက်မဲနေကြ
သွားရာလမ်းကား ပြည်သူတို့၏ ဒဏ်ခတ်ခြ
မလွဲဧကန်သာဖြစ်ပါကြောင်း မီးမောင်းထိုး
ပါသည်။ ။

ပထမအကြိမ်မှာ ၁၉၅၈ မှ ၁၉၆၀ အထိ ဖြစ်သည်။ ဤကာလတွင် အိမ်စောင့်အစိုးရ (Caretaker Government)အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဒုတိယအကြိမ်မှာ ၁၉၆၂ မှ ၁၉၇၄ အထိ တပ်မတော်က တော်လှန်ရေးကောင်စီ အစိုးရအဖြစ် တာဝန်ယူ ထမ်းဆောင်ခဲ့သည်။ ၁၉၇၄ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာသောအခါတွင်မူ ပြည်သူလူထု အုပ်ချုပ်ရေးသို့ အသွင်ပြောင်းသွားသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် နိုင်ငံကို ဆက်လက်တည်ဆောက်ခဲ့ကြသည်။

တတိယအကြိမ်မှာ ၁၉၈၈ခုတွင် တပ်မတော်က တာဝန်ယူခဲ့ရခြင်းဖြစ်သည်။ဖြစ်စဉ်မှာ ၁၉၇၄ခု အခြေခံဥပဒေနှင့်အညီ ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် နိုင်ငံကိုတည်ဆောက်ခဲ့ကြသော်လည်း နိုင်ငံရေး၊ စီးပွားရေး အားနည်းမှုပြဿနာများကြောင့် ၁၉၈၈ခုနှစ်တွင် ပြည်သူများက နိုင်ငံရေးစနစ်နှင့် စီးပွားရေးစနစ်ကို ပြောင်းလဲပေးရန် တောင်းဆိုခဲ့ကြသည်။ သို့သော် လက်ဝဲ၊ လက်ယာ အတ္တဝါဒီ နိုင်ငံရေးသမားများက ပူးကပ်သွေးထိုးဖန်တီးခဲ့ကြသောကြောင့် မင်းမဲ့ဝါဒများ လွှမ်းမိုးလာပြီး ပြည်ထောင်စုပြိုကွဲရတော့မည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။ ထို့ကြောင့် တပ်မတော်က တတိယအကြိမ် တာဝန်ယူခဲ့ရခြင်းဖြစ်သည်။ ဤအကြိမ်တွင်မူ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်တည်ဆောက်ပေးရင်း ပြည်သူတို့က လိုလားတောင်းဆိုခဲ့သော ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကိုလည်း ဖော်ဆောင်ပေးခဲ့သည်။

အထက်ပါတို့ကို လေ့လာကြမည်ဆိုပါက မြန်မာ့နိုင်ငံရေးတွင် တပ်မတော်ပါဝင်ခဲ့မှုများသည် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားအတွက် ပါဝင်ခဲ့ရခြင်းဖြစ်ကြောင်း မြင်တွေ့ရမည်ဖြစ်သည်။ သို့သော် အဆိုးမြင်ဝါဒီများသည် မိမိတို့အကျိုးကို ရှေ့တန်းတင်ကာ တရားသေဝါဒကို ဆုပ်ကိုင်ပြီး ထိပ်တိုက်ရင်ဆိုင်ရေး၊ ပြည်ပအားကိုးရေး လမ်းစဉ်များကို လွဲမှားစွာ ကျင့်သုံးနေကြခြင်း ဖြစ်သည်။

အမျိုးသားနိုင်ငံရေးနှင့်တပ်မတော်

တပ်မတော်၏ တတိယအကြိမ်ပါဝင်မှုမှာ အမျိုးသားနိုင်ငံရေးအတွက် ပါဝင်ခြင်းဖြစ်သည်။ ဤကာလကို (၃)ပိုင်းခွဲပြီး လေ့လာကြည့်မည်ဆိုပါက ဤသို့ မြင်တွေ့ရသည်။

ပထမပိုင်းမှာ ၁၉၈၈မှ ၂၉-၅-၂၀၀၈ရက်နေ့အထိ ဖြစ်သည်။ ဤကာလတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးတို့ကို အဓိကထား ဆောင်ရွက်ခဲ့သည်။

ဒုတိယပိုင်းမှာ ၂၉-၅-၂၀၀၈ရက်နေ့မှ ၂၀၁၀ပြည့်နှစ် ပါတီစုံအစိုးရတစ်ရပ် ပေါ်ထွန်းလာသည့် ကာလအထိဖြစ်သည်။ ဤကာလပါဝင်မှုသည် အတည်ပြုပြဋ္ဌာန်းပြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄၄၂)နှင့် (၄၄၃)အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို သတ်မှတ်ချိန်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြားကာလအစိုးရ (Provisional Government) အဖြစ် တာဝန်ယူဆောင်ရွက်ရန် ဖြစ်သည်။

တတိယပိုင်းမှာ ၂၀၁၀ပြည့်နှစ်မှ အနာဂတ်ကာလအထိ ဖြစ်သည်။ ဤသို့ပါဝင်ခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ပါဝင်ခြင်းဖြစ်ပြီး ဈေးကွက်စီးပွားရေးစနစ်နှင့် ပါတီစုံဒီမိုကရေစီ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူလူထု ကိုယ်စားလှယ် ၇၅ရာခိုင်နှုန်းတို့နှင့် ပူးပေါင်းပါဝင်ခြင်းဖြစ်သည်။ အာဏာရှင်အားစုတစ်ရပ်အနေဖြင့် ပါဝင်ခြင်း မဟုတ်ပေ။

ကျားကျားမီးယပ်

အဆိုးမြင်ဝါဒီများသည် တည်ဆဲအစိုးရ၏ ဖော်ပြပါ ဆင့်ကဲဖြစ်စဉ်များကို သေချာဂဃနဏမသိ၊ မျက်စိစုံမှိတ်ပြီး ကျားကျားမီးယပ် ပြောနေခြင်းမှာ ပြောသူမရှက်၊ ကြားသူရှက်ဖြစ်ရသည်။ ထို့ကြောင့် တပ်မတော်မှ ၂၅ရာခိုင်နှုန်း ပါဝင်နေခြင်းသည် ဒီမိုကရေစီဖြစ်ပေါ်တိုးတက်ရေးကို ထိခိုက်ခြင်းလည်းမရှိ၊ အာဏာရှင်ဖြစ်ရေးအတွက်လည်း မဟုတ်ပေ။ ဒီမိုကရေစီမရှိသေးသော လူမှုရေးပတ်ဝန်းကျင်မှ ဒီမိုကရေစီထွန်းကားသော လူမှုပတ်ဝန်းကျင်သို့ ငြိမ်းချမ်းသောနည်းလမ်းဖြင့် အသွင်ကူးပြောင်းနိုင်ရေးအတွက် ပါဝင်ခြင်းသာဖြစ်သောကြောင့် အဆိုးမြင်ဝါဒီများ၏ သပျစ်သီးချဉ်သော စကားသည် လွဲပြီးရင်းလွဲ ဖြစ်နေသည်။

အဆိုးမြင်ဝါဒီတို့၏ သွားရာလမ်း

နိုင်ငံရေးတွင် ရှုထောင့်တုမှ အမြင်တူ၏။ ရှုထောင့်လွဲသော် အမြင်ကွဲသည်။ မြန်မာ့နိုင်ငံရေးသည် အမျိုးသားနိုင်ငံရေး (National Politics) ဖြစ်သည်။ ၎င်းသည် လက်ဝဲနိုင်ငံရေးနှင့် လက်ယာအစွန်းရောက် နိုင်ငံရေးတို့နှင့် လုံးဝခြားနားနေသည်။ ထိုလက်ဝဲ၊ လက်ယာ အမြင်များဖြင့် မြန်မာ့နိုင်ငံရေးကို ရှုမြင်ပါက ကင်းမြီးကောက် ထောင်ကြည့်သလိုဖြစ်မည်။ ထို့ကြောင့် ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီများ၏ သပျစ်သီးချဉ် စကားများသည် အမှန်တရားနှင့် တခြားစီဖြစ်နေကြောင်း ထင်ရှားလှ၏။ ဤသည်ကိုပင် နောင်တမရနိုင်ဘဲ တစ်ယူသန်အစွန်းရောက် အဆိုးမြင်ဝါဒများဖြင့် ဆက်လက် မိုက်မဲနေကြဦးမည်ဆိုပါက ၎င်းတို့၏ သွားရာလမ်းကား ပြည်သူတို့၏ ဒဏ်ခတ်ခြင်းကို မရှုမလှခံရမည်မှာ မလွဲဧကန်သာဖြစ်ပါကြောင်း မီးမောင်းထိုး သတိပေး တင်ပြလိုက်ရပါသည်။ ॥

မိုးလေဝသ သတင်း

သန်းသန်းနု ကိုးကားတင်ပြသည်

မြစ်ဝကျွန်းပေါ်၊ရခိုင်ကမ်းရိုးတန်းနှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးနိုင်

ရန်ကုန် ဇူလိုင် ၁၄

ဇူလိုင် ၁၃ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် အိန္ဒိယနိုင်ငံအရှေ့ပိုင်း ပက်နာမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခြင်း၊ ပြင်သစ်နိုင်ငံတောင်ပိုင်း၌ လေဆင်နှာမောင်း တိုက်ခတ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ဇူလိုင် ၁၄ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါက ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့ပြီး ရှမ်းပြည်နယ်၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာသွန်းခဲ့ပြီး ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးရွာခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဇူလိုင် ၁၄ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

နေပြည်တော်	၀ဒသမ	၀၈လက်မ	ဗန်းမော်	၃ဒသမ	၃၄လက်မ
မောင်တော	၁၁ဒသမ	၂၆လက်မ	ကလေး	၂ဒသမ	၈၀လက်မ
စစ်တွေ	၇ဒသမ	၅၂လက်မ	မချမ်းဘော	၂ဒသမ	၇၂လက်မ
ပူတာအို	၃ဒသမ	၇၈လက်မ	ကော့ကရိတ်	၂ဒသမ	၀၉လက်မ

ဇူလိုင် ၁၅ရက် **(ယနေ့)** ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းနိုင်သည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့ မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင် ၁၅ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ မိုးအသင့်အတင့်ရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ အားကောင်း

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်၌ မုတ်သုံလေအများအားဖြင့် အားအသင့်အတင့် ရှိနေသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

ကိုးကား–မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

ဥတ္တရပရာဒေ့ရှ်အရှေ့ပိုင်း၌ မိုးသည်းထန်စွာရွာသွန်း ကျေးရွာများရေနစ်မြုပ်ပြီး မြစ်ရေများ စိုးရိမ်ရေမှတ်ရောက်ရှိ

နယူးဒေလီ ဇူလိုင် ၁၄

အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ် အရှေ့ပိုင်းတွင် ဇူလိုင် ၁၄ရက် မွန်းလွဲပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားကာ မြစ်ရေများ လျှံတက်ခဲ့ကြောင်း အိန္ဒိယနိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် နေအိမ်များအပါအဝင် စီးပွားရေးအဆောက်အအုံများ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။ **(အောက်ပုံ)** ထို့အပြင် ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ ကျေးရွာပေါင်း ၈၀ ခန့်လည်း ရေလွှမ်းမှုနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ထို့အတူ ဥတ္တရပရာဒေ့ရှ်ပြည်နယ်အတွင်းရှိ ဂါရာ၊ ကူရာဒို၊ ကွန်ရာနှင့် ဘာဒီဂန်ဒတ် မြစ်များတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေများ စိုးရိမ်ရေမှတ်အထိ မြင့်တက်လျက်ရှိသည်။

အလာစကာမီးတောင် ဆက်လက်ပေါက်ကွဲ

အလာစကာ ဇူလိုင် ၁၄

အမေရိကန်နိုင်ငံ အလာစကာမီးတောင် ပေါက်ကွဲနေမှုမှာ ဇူလိုင် ၁၄ရက်အထိ ဆက်တိုက်အသံများ မြည်ဟည်းကာ ပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပေါ်နေကြောင်း အမေရိကန် အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

မီးတောင်မှ ကျောက်ခဲများ၊ ပြာမှုန်များ ဝေဟင်သို့လွင့်ပျံထွက်ခဲ့ရာမှ ပင်လယ်ပြင်၌သွားနေသော သင်္ဘောများပေါ်သို့ ကျရောက်ခဲ့သဖြင့် မီးတောင်ပေါက်ကွဲမှုအနီး ပင်လယ်ပြင်၌ သင်္ဘောနှင့် ရေယာဉ်များသွားလာမှု ခေတ္တရပ်ဆိုင်းသွားသည်။

မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသော ပြာမှုန်များမှာ ဝေဟင်အမြင့် မီတာ၅၀၀ ကျော်အထိ မြင့်တက်ခဲ့သည်။

ဖိလစ်ပိုင် လူဇုန်ကျွန်း၌ ရစ်ခ်ျတာစကေး ၆ဒသမ၁ရှိ ငလျင်လှုပ်

မနီလာ ဇူလိုင် ၁၄

ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်း ကမ်းလွန်တွင် ဇူလိုင် ၁၄ရက် နံနက်က အင်အားရစ်ချ်တာစကေး ၆ဒသမ၁ရှိသည့် ငလျင်လှုပ်ခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ ငလျင်ဗျူရိုက သတင်းထုတ်ပြန်သည်။

အဆိုပါ ငလျင်ကြောင့် လူဇုန်ကျွန်းရှိ ဘာတာနက်စ်မြို့တွင် အဆောက်အအုံများ ယိမ်းထိုး လှုပ်ခါသွားသော်လည်း အပျက်အစီးမရှိကြောင်း သိရသည်။ ထို့အတူ ဆူနာမီသတိပေးချက်များလည်း ထုတ်ပြန်ခြင်း မရှိခဲ့ကြောင်း ဖိလစ်ပိုင် ငလျင်ဗျူရိုက ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ဇူလိုင်၁၃ရက်က မြောက်ဥက္ကလာပမြို့နယ် အထက(၁)ကျောင်းသားကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် အသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်နှင့် ကျောင်းသား ကျောင်းသူဟောင်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။(က–ပ)

ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၄

ကျောက်တန်းမြို့နယ်အသင်းဓမ္မာရုံ(တာမွေမြို့နယ်)

ရန်ကုန်တိုင်း တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်းရှိ ကျောက်တန်းမြို့နယ်အသင်း ဓမ္မာရုံ၌ နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသော ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၆ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ပင့်သံဃာကိုးပါးအား နေ့ဆွမ်းဆက်ကပ်ပြီး ဝါဆိုသင်္ကန်း ကပ်လှူမည်ဖြစ်ရာ အသင်းသူ အသင်းသားများ ကြွရောက်ပါရန်နှင့် ငွေနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများ လှူဒါန်းလိုပါက ဦးစိန်ထွန်းအောင် ဖုန်း–၅၇၀၈၅၉၊ ဦးမြင့်စိန် ဖုန်း–၂၉၀၇၇၃၊ ဦးသင်းမောင် ဖုန်း–၆၅၂၀၆၅၊ ဦးစိုးမြင့် ဖုန်း–၂၉၈၃၄၉နှင့် အသင်းဓမ္မာရုံ ဖုန်း–၅၄၆၉၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။

ဖက်ပင်အိုင်စာသင်တိုက်

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဖက်ပင်အိုင် စာသင်တိုက်၌ ဝါဆိုတော်မူကြမည့် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌ (အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်) အမှူးပြုသော စာချ၊ စာသင် သံဃာတော်အပါး၁၂၀ တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကို ဝါဆိုလပြည့်နေ့ (ဇူလိုင် ၁၇ရက်) ကြာသပတေးနေ့ နံနက် ၉နာရီတွင် ဖက်ပင်အိုင်စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

မင်းကင်းကျောင်းတိုက်

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းအတွင်းရှိ မင်းကင်းကျောင်းတိုက်၌ ဝါဆို ဝါကပ်တော်မူကြကုန်သော သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဝါဆိုလပြည့် (ကြာသပတေးနေ့) ဇူလိုင်၁၇ရက်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ လာရောက် ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။

ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက်

စစ်ကိုင်းတိုင်း ကလေးမြို့ အောင်သစ္စာရပ်ကွက် မဟာသန္တာရုံကျောင်းတိုက်၌ ဝါဆိုတော်မူကြကုန်သော သံဃာတော်အပါး ၁၈၀ တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဝါဆိုလပြည့်နေ့ (ဇူလိုင် ၁၇ရက်) ကြာသပတေးနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ လာရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။

နေမိန္ဒြဓမ္မအေးရိပ်စခန်း

ကျေးဇူးတော်ရှင် အရှင်နေမိန္ဒြဓမ္မ ဝိဇ္ဇာဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော နေမိန္ဒြဓမ္မအေးရိပ်စခန်း လှည်းကူးမြို့နယ် တံခွန်တိုင်ကျေးရွာ မိုးကောင်းစေတီအနီး၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဝါဆိုလပြည့်နေ့ (ဇူလိုင်၁၇ရက်) မွန်းလွဲ၁၂နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ တပည့် ဒါယကာ၊ ဒါယိကာမများ လာရောက်ကပ်လှူနိုင်ကြကြောင်း သိရသည်။ (က–ပ)

စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်ရိပ်သာ ဝါတွင်း ဥပုသ်တရားပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ရေကူးဘူတာအနီးရှိ စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်သာသနာ့ရိပ်သာ၌ ဝါတွင်းဥပုသ် တရားပွဲများ ကျင်းပမည်ဖြစ်ရာ လဆန်း ၈ရက်၊ လပြည့်ကျော် ၈ရက် ဥပုသ်နေ့များတွင် ပဓာန နာယက ပဲနွယ်ကုန်းဆရာတော် ဘဒ္ဒန္တစန္ဒာဝရ (မဟာကမ္မဋ္ဌာနာစရိယ)၊ ဝါဆိုလပြည့်နေ့တွင် တွံတေးဆရာတော် အရှင်ဣန္ဒက၊ ဝါဆိုလကွယ်နေ့တွင် မေတ္တာအေး ဆရာတော် အရှင်သုဇာတ၊ ဝါခေါင်လပြည့်နေ့တွင် တန့်ဆည်ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ ဝါခေါင်လကွယ်နေ့တွင် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ၊ တော်သလင်းလပြည့်နေ့တွင် ပျဉ်းမနားဆရာတော် ဘဒ္ဒန္တဇဋိလ၊ တော်သလင်းလကွယ်နေ့တွင် ဘဒ္ဒန္တကောဏ္ဍည၊ သီတင်းကျွတ်လပြည့်နေ့တွင် ခရမ်း၀ ဆရာတော် အရှင်ဓမ္မရာဇာတို့က မွန်းလွဲ ၂နာရီမှ စတင်ဟောကြားမည်ဖြစ်ပြီး ဥပုသ်နေ့တိုင်း နံနက် ၉နာရီတွင် ပဓာန နာယက ပဲနွယ်ကုန်းဆရာတော်နှင့် အရှင်ရေဝတ(မဟာဓမ္မာစရိယ M.A Buddhism၊ ဌာနစုမှူးဆရာတော်၊ မော်ကွန်းထိန်းဌာန) နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ရန်ကုန်တို့က သီလပေးတရားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာတိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွင် နိုင်ငံနှင့်လူမျိုး နောက်ကျမကျန်ရအောင် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းမှုများ အရှည်တည်တံ့အောင် ထိန်းသိမ်းမြှင့်တင်

ခေတ်မီနည်းပညာရပ်များဖြင့် ဖွံ့ဖြိုးတိုးတက်ရေး လူငယ်မျိုးဆက်သစ်များမွေးထုတ်ပေး

ရန်ကုန် ဇူလိုင် ၁၄

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်းလှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး(ကိုယ်စား) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းဆင်း အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ(ကိုယ်စား) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဒုတိယဝန်ကြီးများနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ကထိကများနှင့် နည်းပြများ၊ သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး (ကိုယ်စား) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကားပြောကြားရာ၌ ယနေ့အချိန်အခါတွင် မိမိနိုင်ငံသူ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် ပြည်သူများ၏ ပညာရည်မြင့်မားမှုစွမ်းအား မြင့်မားနိုင်ခဲ့မှုသည် နိုင်ငံ့ဂုဏ်သိက္ခာနှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းကို ဖော်ညွှန်းပြဆိုနိုင်ကြောင်း၊ ပိုမိုတိုးတက် မြင့်မားအောင် မြှင့်တင်ပေးနိုင်သည်ဆိုသည့် ခံယူချက်ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ပညာရေးမြှင့်တင်မှုအစီအမံများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

အပြိုင်အဆိုင်

ပညာရေးစွမ်းအားဖြင့် နိုင်ငံ၏ ခနအင်အားကို တိုးပွားခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်နေကြသကဲ့သို့ အသိဉာဏ်အခြေပြု စီးပွားရေးလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများကိုလည်း အပြိုင်အဆိုင် တည်ထောင်လုပ်ဆောင်လျက်ရှိကြကြောင်း။

ယနေ့၂၁ရာစုတွင် နိုင်ငံ၏ခနအင်အားသည် နိုင်ငံသူ နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းနှင့် လေ့လာသင်ယူ တီထွင်ကြံဆနိုင်မှု စွမ်းအားအပေါ်တွင် မူတည်လျက်ရှိသည့်အတွက် မိမိနိုင်ငံသူ နိုင်ငံသားများ၏ ဉာဏစွမ်းအားသည် နိုင်ငံ၏ သယံဇာတတစ်မျိုး ဖြစ်လာနေပြီဖြစ်ကြောင်း။

ဖော်ထုတ်အသုံးချ

ထိုကဲ့သို့ အခြေအနေ၊ အချိန်အခါမျိုးတွင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံ၏ ခနအင်အား တိုးပွားခိုင်မာမှုတို့သည် နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်ဖြစ်ထွန်းနေသည့် နည်းပညာသစ်များ၊ အတွေးအခေါ် အယူအဆသစ်များ၊ သိပ္ပံနှင့်နည်းပညာရပ်ဆိုင်ရာ သီအိုရီသစ်များကို ပညာရေးကဏ္ဍအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ရယူ အသုံးချနိုင်မှုအပေါ်တွင် လုံးဝဥဿုံ မှီတည်လျက်ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍစုံကို ပညာရေးကဏ္ဍက ဦးဆောင်ပြောင်းလဲစေလျက်ရှိသော အချိန်အခါတွင် ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၏ အခန်းကဏ္ဍနှင့်တာဝန်သည် ပိုမိုပြီး မြင့်မားအရေးပါလျက်ရှိနေပြီဟု ဆရာဆရာမအားလုံးက ခံယူထားကြရမည်ဖြစ်ကြောင်း။

အခွင့်အလမ်း

ယနေ့ နိုင်ငံတကာတွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ပညာရေးကဏ္ဍမြှင့်တင်မှုများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြရာတွင် ကျောင်းသူ ကျောင်းသား လူငယ်များအတွက် ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ ဖော်ထုတ်ပေးရန်သာမက အရည်အသွေးမြင့်မားသည့် ဆရာကောင်းများ ရရှိနိုင်မှု အခွင့်အလမ်းများ ဖြစ်ထွန်းလာစေရေးအတွက်ပါ အလေးထားစီမံဆောင်ရွက်လျက်ရှိကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာအဆင့်မီ ပညာရည်အဆင့်အတန်း ရရှိစေရန်အတွက် ပညာရေး မြှင့်တင်မှုအစီအမံများကို စနစ်တကျ စီမံကိန်းများချမှတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်မှု၊ ပညာရပ်မျိုးကွဲသစ်များ၊ ပေါင်းစပ်ပညာရပ်များ တီထွင်ချဲ့ထွင်မှု၊ အီလက်ထရွန်နစ်နည်းပညာအခြေခံသည့် ခေတ်မီ သင်ထောက်ကူပစ္စည်းကိရိယာများဖြင့် အခြေခံအဆောက်အအုံများ ဖန်တီးပေးမှုတို့နှင့် ယှဉ်တွဲပြီး ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်မှုအစီအမံများ၊ ဆရာ ဆရာမများ၏ အရည်အသွေးနှင့် ပညာရေးတိုးတက်မြင့်မားရေးကို အထောက်အကူပြုသည့် သုတေသနလုပ်ငန်းများကိုပါ အလေးထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ(ကိုယ်စား) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း သင်တန်းသူ စံပြဆုရ ဒေါ်အေးဝင်းရွှေ [ကထိက၊ စက်မှုနှင့်သက်မွေးပညာ(ရုံးချုပ်)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန] အား ဆုပေးအပ်စဉ်။

(သတင်းစဉ်)

ကြိုးပမ်းဆောင်ရွက်

ထိုကဲ့သို့ နိုင်ငံတော်၏ အနာဂတ်ကို မျှော်မှန်းပြီး ဆောင်ရွက်နေသည့် ပညာရေးစီမံကိန်းများ ရည်မှန်းချက်နှင့် အညီ အောင်မြင် အကောင်အထည် ပေါ်လာစေရေးသည် အဆင့်မြင့် ပညာကဏ္ဍ၏ ကြိုးပမ်းဆောင်ရွက်မှု၊ တစ်နည်းအားဖြင့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ၏ ကြိုးစားအားထုတ်မှုအပေါ်တွင် အဓိက တည်မှီနေသည်ဆိုသည့် ခံယူချက်ဖြင့် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ မြန်မာနိုင်ငံ ပညာရေးကဏ္ဍသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သကဲ့သို့ ရည်မှန်းထားသော နိုင်ငံတကာအဆင့်မီ သင်ကြားမှုနည်းစနစ်များ၊ ခေတ်မီပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများလည်း ရရှိဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် ပိုမိုတိုးတက် မြင့်မားသည်ထက် တိုးတက်မြင့်မားစေရအောင် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအားလုံးက ဦးတည်ချက်ရှိရှိ ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

ကြိုးစားအားထုတ်

ထို့အပြင် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအလျဉ်တွင် မိမိကိုယ်တိုင်နှင့်တကွ မိမိတို့၏ တပည့် ကျောင်းသူကျောင်းသားလူငယ်များပါ ကွင်းကျန် မနေရစ်စေရအောင်၊ အချိန်အခါနှင့် တစ်ပြေးညီ အမီလိုက်ပါ တိုးတက်ပြောင်းလဲနိုင်စေရအောင် ကြိုးစား အားထုတ်ကြရန် ပြောကြားလိုကြောင်း။

အထူးသဖြင့် နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွင် နည်းပညာကွာဟမှုကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုး ကွင်းကျန် နောက်ကျ မကျန်ရစ်စေရန် နိုင်ငံတော်အတွင်း ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် တိုးတက်ဖြစ်ထွန်းမှုများကို အရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းမြှင့်တင်နိုင်စေရအောင် ခေတ်မီ နည်းပညာရပ်များ၏ အထောက်အကူဖြင့် စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် လူငယ်မျိုးဆက်သစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးကြပါဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

လေ့ကျင့်ပျိုးထောင်

ယင်းရည်မှန်းချက်များနှင့် အညီ မိမိတို့၏တပည့် ကျောင်းသူ ကျောင်းသား လူငယ်များကို ၎င်းတို့၏ဘဝ ၎င်းက ပျိုးထောင်နိုင်အောင်၊ နိုင်ငံကို အလုပ်အကျွေးပြုနိုင်အောင်၊ ပညာပိုင်းဆိုင်ရာအရ၊ အသိဉာဏ်ပညာအရ၊ စိတ်ဓာတ်ရေးရာအရ၊ အဘက်ဘက်က လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

ကျောင်းသူ ကျောင်းသားလူငယ်များ၏ ပင်ကိုစွမ်းရည်ဖြင့် အလားအလာတို့ကို ဖော်ထုတ်ပေးပြီး ခေတ်နှင့်လျော်ညီသည့် နည်းပညာနှင့် ကျွမ်းကျင်မှုများအပြင် ရှုထောင့်သစ်၊ အသိအမြင်သစ်များဖြင့်ပါ ပြည့်စုံစေရအောင် လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ ပင်ကိုအားဖြင့် တက်ကြွသည့်စိတ်ဓာတ်၊ ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးတို့ကို နည်းပညာသစ်များ၏ စွမ်းအားဖြင့် အားဖြည့်ပေါင်းစပ်ပေးပြီး နိုင်ငံ၏အနာဂတ်အတွက် ကိုယ်ပိုင်အမျိုးသားရေးခွန်အားကို ပျိုးထောင်မွေးမြူပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် ဝန်ကြီး ဦးသောင်းက သင်တန်းသား စံပြဆုရ ကသအမှတ်-B-၃၂ ဦးအောင်ကျော်စိုး (နည်းပြအရာရှိ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပို့ဆောင်ရေးဝန်ကြီးဌာန)နှင့် သင်တန်းသူ စံပြဆုရ ကသအမှတ်-A-၅ ဒေါ်အေးဝင်းရွှေ [ကထိက၊ စက်မှုနှင့်သက်မွေးပညာ(ရုံးချုပ်)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန] တို့အားလည်းကောင်း၊ သင်တန်းသား ဖွဲ့လုံ့လဆုရ ကသအမှတ်-B-၁၂၊ ဦးတင်လှ[နည်းပြ၊ အစိုးရ စက်မှုလက်မှုသိပ္ပံ(သံတွဲ)၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန]၊ သင်တန်းသူဖွဲ့လုံ့လဆုရရှိကြသည့် ကသအမှတ်-A-၂၁၇ ဒေါ်သိန်းမိ (တွဲဖက်ပါမောက္ခ၊ ဆေးဝါးတက္ကသိုလ်၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန) နှင့် သင်တန်းသူ ဖွဲ့လုံ့လဆုရ ကသအမှတ်-A-၂၄၀ ဒေါ်ဂျီထုဗ္ဗီ (လက်ထောက်ကထိက၊ သူနာပြုတက္ကသိုလ်၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန) တို့အားလည်းကောင်း၊ စံပြအဆောင်ဆု ရရှိကြသည့် အမျိုးသားတပ်ခွဲ ၅၊ အဆောင် ၂ နှင့် အမျိုးသမီးတပ်ခွဲ ၁၊ အဆောင် ၆တို့မှ အဆောင် ခေါင်းဆောင်များအား လည်းကောင်း၊ သင်တန်းသား အောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းခေါင်းဆောင်များအား လည်းကောင်း ပေးအပ်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တစ်လကြာမြင့်

အဆိုပါ သင်တန်းသို့ တက္ကသိုလ် ကောလိပ်အသီးသီးတို့မှ ဆရာ ဆရာမ ၂၉၆ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၀၈ ရက် (အင်္ဂါနေ့)

AM & PM

၇:၀၀ -၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ -၁:၀၅	**လူ့ဘဝမှာ လမ်းသုံးသွယ်** တရားတော် (ဆရာတော်အရှင်ပညိန္ဒာဓိဝံသ)
၈:၀၀ - ၂:၀၀	ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၈:၂၀ - ၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅ - ၂:၂၅	Sunday Talk
၉:၁၀ -၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ -၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅ - ၃:၂၅	အမျိုးသားဆေးပညာ အမွေပေးရာ တိုင်းရင်းဆေးတက္ကသီလာ (အပိုင်း-၃) (ပြတိုက်နှင့် ဉယျာဉ်ဌာန)
၉:၅၀ -၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅ -၃:၅၅	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာမောင်ညိုမှိုင်း (သန်လျင်)နှင့် တွေ့ဆုံခြင်း]
၁၀:၁၅ -၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀ - ၄:၂၀	**သာယာရွှေပြည် တို့နေပြည်** ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ မော့စ်၊ ဗေလုဝ၊ ဇင်ဇင်ဇော်မြင့် ဒါရိုက်တာ-ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်
၁၁:၁၀ -၅:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀ - ၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅ - ၅:၂၅	စားချင်စဖွယ်နည်းအသွယ်သွယ် (တီလားဗီးယားငါးကင်၊ ကညွတ်ရှမ်းထမင်းနှင့် ပုစွန်ကင်ပြုလုပ်နည်း)
၁၁:၄၀ -၅:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅ -၅:၄၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ဗိုက် ဗိုက် ဗိုက်)
၁၂:၁၀ -၆:၁၀	သိစေချင်သည် ICT (Remote Sensing Course အကြောင်း သိကောင်းစရာ)
၁၂:၃၀ -၆:၃၀	ရှင်မြူးသီကြွေး ကဗျာတေး (ညီညီသစ်သီးစုံ)
၁၂:၃၅ -၆:၃၅	သွေးပြန်ကြောအားနည်းရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၁) (ပါမောက္ခ ဒေါက်တာခင်မောင်အေး)
၁၂:၄၅ -၆:၄၅	Music Gallery (ကျော်ဟိန်း November-11)
၁၂:၅၅ -၆:၅၅	ဆွာချောင်းရေလှောင်တမံ (ပဲခူးတိုင်း)
၁:၀၀ -၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

ကျောက်ကြီး-ရန်ကုန် ခရီးသည်တင် မှန်လုံယာဉ်ပေါ်၌ ပေါက်ကွဲမှုဖြစ်ပွား

နေပြည်တော် ဇူလိုင် ၁၄

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုလုပ်ဆောင်လျက်ရှိသည်။

ပေါက်ကွဲ

ယနေ့နံနက် ၅နာရီ ၄၅မိနစ်က ကျောက်ကြီးမြို့နယ် ကွင်းချောင်းဝကျေးရွာမှ ရန်ကုန်မြို့သို့ထွက်ခွာလာသော ယာဉ်မောင်း ဦးမောင်ဦး မောင်းနှင်သည့် ကျောက်ကြီး-ရန်ကုန် ရွှေခရီး ခရီးသည်တင်မှန်လုံယာဉ် အမှတ် ၅ခ/ ၃၆၄၄ သည် နံနက် ၈နာရီ ၅မိနစ်ခန့်တွင် ဒိုက်ဦးမြို့နယ် မိုင်တိုင်အမှတ်(၈၅) ကောလိယတံတားအနီးအရောက်၌ ယာဉ်နောက်ပိုင်းမှ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသူခရီးသည် ၃၅ဦးအနက်မှ ကျောက်တံခါးမြို့နေ ခရီးသည်ဦးခန့်(ခ) ဘီရိုခါနာ(၅၅)နှစ် (ဘ)ဦးရမ်းမ်နက် သေဆုံးပြီး ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်နေ ခရီးသည် ဦးပါးပါး(၄၆)နှစ် (ဘ)ဦးနဒီးနားမှာ ဝမ်းဗိုက်တွင် ဒဏ်ရာရရှိခဲ့သဖြင့် ဒိုက်ဦးဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသပေးခဲ့သည်။ ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်ရှိသူများက သတင်းဖော်ထုတ် စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပွဲတော်

ရွှေတံဆိပ်များ သိမ်းကျုံးရယူကြမည့် တရုတ်စားပွဲတင်တင်းနစ်ကစားသမားများ

ပေကျင်း ဇူလိုင် ၁၄

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပွဲတော်ကို လာမယ့် ဩဂုတ် ၈ ရက်မှာ စတင်ကျင်းပတော့မှာမို့ ရက်တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ပါတယ်။ အိမ်ရှင် တရုတ်နိုင်ငံအနေနဲ့ အားကစားပြိုင်ပွဲ အတော်များများမှာ ရွှေတံဆိပ်တွေ ဆွတ်ခူးနိုင်ဖို့ သက်ဆိုင်ရာ အားကစားသမားတွေဟာ အပြင်းအထန်လေ့ကျင့်နေကြပြီ ဖြစ်တာမို့ တရုတ်နိုင်ငံတစ်နိုင်ငံလုံး အိုလံပစ်လှုပ်ရှားမှုတွေနဲ့ စိတ်ဝင်စားစရာ ကောင်းနေပြီဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ စားပွဲတင် တင်းနစ် ကစားသမား တွေဟာ ကမ္ဘာ့အဆင့် ထိပ်ဆုံးမှာ ရပ်တည်နိုင်ကြသူတွေမို့ ၂၀၀၈ ပေကျင်း အိုလံပစ်မှာတော့ ရွှေတံဆိပ်တွေ သိမ်းကျုံး ယူကြဖို့ အတွက် အဆင်သင့် ဖြစ်နေကြပြီလို့ ဆိုပါ

တယ်။ ဒါကြောင့်မို့ ၂၀၀၈ ပေကျင်း အိုလံပစ်ပြိုင်ပွဲဝင်မယ့် တရုတ် အမျိုးသား အမျိုးသမီး စားပွဲတင်တင်းနစ် အားကစား သမား အချို့ကို ဖော်ပြလိုက်ပါတယ်။

ပါရမီရှင်

တရုတ်အမျိုးသား စားပွဲတင် တင်းနစ်အသင်းကို ဦးဆောင်ယှဉ်ပြိုင်မယ့်သူကတော့ ဝမ်ဟောင်**(အပေါ်ပုံ)** ဖြစ်ပါတယ်။ ဝမ်ဟောင်ဟာ အသက်၂၃နှစ်အရွယ်ပဲရှိသေးပေမယ့် လက်ရှိကမ္ဘာ့အဆင့်(၁) စားပွဲတင်းနစ်အားကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ အသက် ၁၅ နှစ် အရွယ်ကတည်းက တရုတ်အမျိုးသား စားပွဲတင်တင်းနစ် လက်ရွေးစင်အဖြစ် အရွေးခံခဲ့ရတဲ့အထိ ထူးချွန်သူဖြစ်ပြီး ပါရမီရှင် ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဝမ်ဟောင်ရဲ့ အားသာချက်ကတော့ တန်ပြန်ရိုက်ချက်ပဲ ဖြစ်ပါတယ်။ ပြိုင်ဘက်ဆီက ဘယ်လိုအနေအထားနဲ့မဆို ပြန်ထွက်လာတဲ့ဘောလုံးတိုင်းကို မြန်ဆန်ပြင်းထန်တဲ့ တန်ပြန်ရိုက်ချက်နဲ့ အမှတ်ယူနိုင်သူ ဖြစ်ပါတယ်။ ဝမ်ဟောင်ဟာ ၂၀၀၄အေသင်အိုလံပစ်မှာ ငွေတံဆိပ်ရရှိခဲ့သူဖြစ်ပြီး ၂၀၀၈နိုင်ငံတကာ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်ပြိုင်ပွဲမှာတော့ ရွှေတံဆိပ် ဆွတ်ခူးရရှိထားသူဖြစ်ပါတယ်။ ၂၀၀၈ ပေကျင်း အိုလံပစ်မှာ တရုတ် စားပွဲတင်တင်းနစ် အမျိုးသားအသင်း ရွှေတံဆိပ် ဆွတ်ခူးနိုင်ဖို့ အပြင်းအထန် လေ့ကျင့်ကြိုးစားနေသူ ဖြစ်ပါတယ်။

လက်ရွေးစင်ဖြစ်

တရုတ်အမျိုးသား စားပွဲတင် တင်းနစ် အသင်းမှာ ပါဝင်ဆင်နွှဲမယ့်သူ နောက်ထပ်တစ်ဦးကတော့ မာလင်း**(အောက်ပုံ)**ဖြစ်ပါတယ်။ မာလင်းဟာအသက်၂၈နှစ်အရွယ်ရှိပြီး သူ့ရဲ့စားပွဲတင်တင်းနစ်အဆင့်က ကမ္ဘာ့အဆင့်(၂)ဖြစ်ပါတယ်။ အသက်ခြောက်နှစ်အရွယ်က စတင်ပြီး စားပွဲတင် တင်းနစ်ကို ကစားခဲ့သူဖြစ်လို့ အသက် ၁၀ နှစ်အရွယ်မှာ ကွမ်တုန်ပြည်နယ် လက်ရွေးစင်ဖြစ်ခဲ့သူပါပဲ။ တရုတ်အမျိုးသား စားပွဲတင် တင်းနစ် လက်ရွေးစင်အားကစားသမားအဖြစ် အသက် ၁၄နှစ်မှာ အရွေးခံခဲ့ရတဲ့အထိ

ထူးချွန်သူဖြစ်ပါတယ်။ မာလင်းရရှိခဲ့တဲ့ ဆုတံဆိပ်တွေကတော့ ၂၀၀၄ အေသင် အိုလံပစ်ပွဲတော် အမျိုးသားနှစ်ယောက်တွဲမှာ ချန်ကျိနဲ့အတူ ရွှေတံဆိပ်၊ ၂၀၀၄ကမ္ဘာ့ စားပွဲတင်တင်းနစ်ပြိုင်ပွဲမှာ အသင်းလိုက် ရွှေတံဆိပ်၊ ၂၀၀၅ကမ္ဘာ့စားပွဲတင် တင်းနစ် ပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲမှာ ငွေတံဆိပ်၊ ၂၀၀၆ ကမ္ဘာ့စားပွဲတင် တင်းနစ်ပြိုင်ပွဲ



၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်၌ စားပွဲတင်တင်းနစ်ပြိုင်ပွဲများ ကျင်းပမည့် ပေကျင်းတက္ကသိုလ် အားကစားရုံ။

တစ်ဦးချင်း ပြိုင်ပွဲမှာ ရွှေတံဆိပ်နဲ့ ၂၀၀၇ ကမ္ဘာ့စားပွဲတင်တင်းနစ်ပြိုင်ပွဲတစ်ဦးချင်း ပြိုင်ပွဲမှာ ငွေတံဆိပ်တွေ ရရှိခဲ့သူဖြစ်ပါတယ်။ အခု ၂၀၀၈ ပေကျင်း အိုလံပစ် ပွဲတော်မှာတော့ အသင်းလိုက်ရော တစ်ဦးချင်းပါ ရွှေတံဆိပ်ရရှိအောင် ကြိုးစားလေ့ကျင့်နေသူဖြစ်ပါတယ်။

လက်စွမ်းထက်

နောက်တစ်ဦးကတော့ ဝမ်လီကျင်း ဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့် (၃)မှာရှိတဲ့ ဝမ်လီကျင်းဟာ တရုတ်အမျိုးသားစားပွဲတင် တင်းနစ် အသင်းမှာ ပါဝင်ကစားမယ့်သူ ဖြစ်ပါတယ်။ အသက် ၃၀အရွယ်ရှိပေမယ့် လက်စွမ်းထက်နေဆဲ ကစားသမားတစ်ဦးဖြစ်ပြီး အသက် ၁၅နှစ်မှာ တရုတ်အမျိုးသားစားပွဲတင် တင်းနစ် လက်ရွေးစင်ဖြစ်ခဲ့သူပါပဲ။ ပြင်းထန်အားပါပြီး ပြိုင်ဘက်တွေ ဟန့်တားရခက်တဲ့ရိုက်ချက်တွေနဲ့ နာမည်ကြီးသူဖြစ်ပါတယ်။ သူရရှိခဲ့တဲ့ ဆုတံဆိပ်တွေကတော့ ၂၀၀၀ ဆစ်ဒနီအိုလံပစ်မှာ နှစ်ယောက်တွဲ၌ ရွှေတံဆိပ်၊ တစ်ဦးချင်းပြိုင်ပွဲမှာ ကြေးတံဆိပ်၊ ၂၀၀၅ခုနှစ် ကမ္ဘာ့ စားပွဲတင် တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲမှာ ရွှေတံဆိပ်နဲ့ ၂၀၀၇ခုနှစ်ကမ္ဘာ့စားပွဲတင်တင်းနစ် ပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲမှာ ရွှေတံဆိပ်တွေ ဆွတ်ခူးရရှိထားသူဖြစ်ပါတယ်။ အခု၂၀၀၈ ပေကျင်း အိုလံပစ်ပြိုင်ပွဲမှာ တရုတ်အမျိုးသား စားပွဲတင်တင်းနစ်အသင်းနဲ့အတူ ရွှေတံဆိပ် တွေဆွတ်ခူးဖို့ အသင့်ဖြစ်နေသူပါပဲ။

တရုတ်အမျိုးသမီး စားပွဲတင် တင်းနစ် အသင်းမှာတော့ အသင်းကိုခေါင်းဆောင်ပြီး ယှဉ်ပြိုင်မယ့်အားကစားမယ်ကတော့ ကျန်ယင်းပဲဖြစ်ပါတယ်။ အသက် ၂၆နှစ်ရှိတဲ့ ကျန်ယင်းဟာ ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ်တစ်ဦးဖြစ်ပြီး အသက်ခြောက်နှစ်ကတည်းက စားပွဲတင်တင်းနစ်ကို ကစားခဲ့သူဖြစ်ပါတယ်။ အသက်ကိုးနှစ်မှာ ပေကျင်းမြူနီစီပယ်အသင်း လက်ရွေးစင် ဖြစ်ခဲ့ပြီး အသက် ၁၁နှစ်မှာ တရုတ်အမျိုးသမီး စားပွဲတင်တင်းနစ်အသင်း လက်ရွေးစင်ဖြစ်လာခဲ့တဲ့သူဖြစ်ပါတယ်။ ကျန်ယင်းရရှိခဲ့တဲ့ ဆုတံဆိပ်တွေကတော့ ၂၀၀၄ အေသင် အိုလံပစ်မှာ တစ်ဦးချင်း ရွှေတံဆိပ်နဲ့ နှစ်ယောက်တွဲမှာ ဝမ်နမ်နဲ့ ရွှေတံဆိပ်တွေ ရရှိခဲ့တဲ့ သူပါပဲ။

အခု ၂၀၀၈ ပေကျင်းအိုလံပစ်မှာ တစ်ဦးချင်း ရွှေတံဆိပ်ဆွတ်ခူးမယ့်သူလို့ ပြိုင်ပွဲ မစခင်ကတည်းက ရေပန်းစားနေတဲ့သူ ဖြစ်ပါတယ်။ လောလောဆယ်မှာ တရုတ် အမျိုးသမီး စားပွဲတင်တင်းနစ် အသင်းခေါင်းဆောင်အဖြစ် နိုင်ငံအတွက် ရွှေတံဆိပ်တွေ ရယူပေးဖို့ အပြင်းအထန် လေ့ကျင့်နေသူဖြစ်ပါတယ်။

တောက်ပလာ

နောက်ထပ် တရုတ်စားပွဲတင်တင်းနစ် အားကစားမယ်တစ်ဦးကတော့ ဂေါင်ယီ **(အောက်ပုံ)**ဖြစ်ပြီး အသက် ၂၀ပဲ ရှိသေးတဲ့သူဖြစ်ပါတယ်။ ကမ္ဘာ့အဆင့် သတ်မှတ်ချက်(၂)ရှိသူဖြစ်ပြီး တရုတ်နိုင်ငံရဲ့ အနာဂတ်မှာ ထွန်းလင်းတောက်ပလာမယ့် စားပွဲတင် တင်းနစ်မယ်အဖြစ် သတ်မှတ်ခြင်းခံရသူလည်းဖြစ်ပါတယ်။ အသက်ခြောက်နှစ်အရွယ်မှာ စားပွဲတင်တင်းနစ်စတင်ကစားခဲ့သူဖြစ်ပြီး အသက်ရှစ်နှစ်မှာ ပြည်နယ်လက်ရွေးစင်နဲ့ အသက် ၁၂နှစ်မှာ နိုင်ငံလက်ရွေးစင် ဖြစ်ခဲ့တဲ့သူပါပဲ။ ဘယ်သန်ဖြစ်သူမို့ ပြိုင်ဘက်တွေကို မထင်မှတ်တဲ့ စပေးဘောတွေ၊ တန်ပြန်ရိုက်ချက်တွေနဲ့ အနိုင်ယူစွမ်းရှိသူလည်း ဖြစ်ပါတယ်။ ရရှိခဲ့တဲ့ ဆုတံဆိပ်တွေကတော့ ၂၀၀၆

ဒိုဟာ အာရှအားကစားပြိုင်ပွဲမှာ တစ်ဦးချင်း၊ နှစ်ယောက်တွဲနဲ့ အသင်းလိုက် တွေမှာ ရွှေတံဆိပ်တွေ ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၀၇

ကမ္ဘာ့အဆင့်(၃) စားပွဲတင် တင်းနစ် ကစားသမား ဝမ်လီကျင်း

ကမ္ဘာ့စားပွဲတင်တင်းနစ်ပြိုင်ပွဲရဲ့ တစ်ဦးချင်းပြိုင်ပွဲမှာ ရွှေတံဆိပ်ဆွတ်ခူး ရရှိခဲ့သူဖြစ်ပါတယ်။

နောက်ထပ် တရုတ်အမျိုးသမီး စားပွဲတင်တင်းနစ် အားကစားမယ်ကတော့ ဝမ်နန်ပဲဖြစ်ပါတယ်။ အသက် ၃၀ အရွယ်ရှိပြီး ကမ္ဘာ့အဆင့်(၄)ရှိသူဖြစ်ပါတယ်။

ကမ္ဘာ့အဆင့်(၁) စားပွဲတင်တင်းနစ် အားကစားမယ်ကျန်ယင်း

အသက် ခုနစ်နှစ်မှာ စားပွဲတင်တင်းနစ် ကစားခဲ့ပြီး အသက် ၁၇ နှစ်မှာ နိုင်ငံလက်ရွေးစင်ဖြစ်လာခဲ့သူပါပဲ။ ဘယ်သန်ဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် ဆစ်ဒနီ အိုလံပစ်မှာတော့ တစ်ဦးချင်းနဲ့ နှစ်ယောက်တွဲမှာ ရွှေတံဆိပ်တွေ ရရှိခဲ့ပြီး ၂၀၀၄အေသင် အိုလံပစ်ပွဲတော်မှာ နှစ်ယောက်တွဲ ရွှေတံဆိပ်ရရှိထားသူ ဖြစ်ပါတယ်။

ဒါကြောင့် မကြာမီ ကျင်းပတော့မယ့် ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်မှာ တရုတ် အမျိုးသား အမျိုးသမီးစားပွဲတင် တင်းနစ်ကစားသမားတွေဟာ ရွှေတံဆိပ်တွေ ရယူနိုင်ကြမယ်လို့ ရေပန်းစားနေကြတဲ့သူတွေ ဖြစ်ပါကြောင်း။ ။

မောင်မောင်မြင့်ဆွေ ရေးသားသည်

စီရိုနယ်ဒို အနေဖြင့် မန်ယူတွင်ဆက်ကစားသင့် ပီလီပြောကြား

လန်ဒန် ဇူလိုင် ၁၄

ကမ္ဘာ့ဂန္ထဝင်ဘောလုံးသမားကြီးပီလီက စီရိုနယ်ဒိုအနေဖြင့် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရေး စိတ်ကူးကို မေ့ပစ်လိုက်ပြီး မန်ယူတွင်သာ ဆက်ကစားသင့်ကြောင်း အခိုင်အမာ တိုက်တွန်း ပြောကြားလိုက်သည်။

ဖီဖာဥက္ကဋ္ဌဆက်ဘလတ္တာက ဘောလုံးသမားရောင်းဝယ်မှုကို ခေတ်သစ်ကျွန်ရောင်းဝယ်ရေးဟု ပြောကြားကာ ရိုနယ်ဒိုပြောင်းရွှေ့ရေးကို လွတ်လပ်ခွင့်ပေးသင့်ကြောင်း ပြောကြားခဲ့မှုကိုလည်း ဘရာဇီးဘောလုံးအကျော်အမော်ပီလီက ပယ်ချခဲ့သည်။

ကျွန်ဟုဆိုပါက စာချုပ်မချုပ်ဆိုဘဲ လစာမဲ့ အလုပ်လုပ်ရမည်သာဖြစ်ကြောင်း၊ စာချုပ်ပါက စာချုပ်သက်တမ်းစေ့အောင် အလုပ်လုပ်ရမည်ဖြစ်ကြောင်း၊ စီရိုနယ်ဒိုအနေဖြင့် စာချုပ်သက်တမ်းကုန်ဆုံးပါက သူပြောင်းရွှေ့လိုသော အသင်းသို့ ပြောင်းရွှေ့ခွင့်ရမည်သာဖြစ်ကြောင်း ပီလီက ပြောကြားလိုက်သည်။

(အင်တာနက်)

လက်ဝှေ့သမားဒွန်နီ မာချီယာနိုအား အနိုင်ရ



ဒဗ္ဗလင် ဇူလိုင် ၁၄

လက်ဝှေ့အကျော်အမော် ဘားနတ်ဒွန်နီ**(အပေါ်ပုံ)**သည် စူပါဘင်တန်ဝိတ်တန်းတွင် အာဂျင်တီးနားလက်ဝှေ့သမား ဒါမီယန် မာချီယာနိုအား ဇွန် ၁၂ရက်ညပိုင်းက အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့ အမျိုးသား အားကစားရုံကြီး၌ အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး နိုင်ပွဲစံချိန်တင်နိုင်ခဲ့သည်။

ဒဗ္ဗလင်မြို့သား ဘားနတ်ဒွန်နီသည် ယင်းပွဲစဉ်၌ ၁၀ချီ ထိုးသတ်ရာတွင် ၁၀ချီစလုံး အမှတ်ဖြင့်အနိုင်ရရှိခဲ့သည်။

ယခုပွဲ အနိုင်ရရှိခြင်းသည် ဒွန်နီအဖို့ ၂၇ပွဲကစားရာတွင် ၂၆ပွဲအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဥရောပချန်ပီယံဟောင်း ဒွန်နီသည် ဧပြီလအတွင်းက လက်ဝှေ့သမား ကီကိုမာဟီနက်ဇ်အား ၈၆စက္ကန့်အတွင်း တစ်ပွဲသာ ရှုံးနိမ့်ခဲ့ဖူးသေးသည်။ ယင်းလတွင် တစ်ပွဲရှုံးနိမ့်ပြီးနောက် ဗင်နီဇွဲလား လက်ဝှေ့သမား ဖိလစ်မာချာဒိုနှင့်ပွဲတွင် ပြန်လည်အနိုင်ရရှိခဲ့သည်။ (အင်တာနက်)

လက်ထောက်နည်းပြ ကွီရော့ဇ်၏နေရာတွင် အစားထိုးရေး အဆောတလျင်ဆောင်ရွက်မည်မဟုတ်ဟု ဖာဂူဆန်ပြောကြား

လန်ဒန် ဇူလိုင် ၁၄

မန်ယူအသင်းအနေဖြင့် လက်ထောက်နည်းပြကားလို့စ်ကွီရော့ဇ်၏ နေရာတွင် အစားထိုး တာဝန်ပေးရန် လက်ထောက်နည်းပြအသစ်ကို အဆောတလျင် ရှာဖွေတာဝန်ပေးမည်မဟုတ်ကြောင်း မန်ယူနည်းပြဖာဂူဆန်က ပြောကြားလိုက်သည်။

ထွက်ခွာ

ပရီမီယာလိဂ်ရာသီစတင်ရန် သီတင်းပတ်ငါးပတ်မျှပင် မလိုတော့သောအချိန်တွင် မန်ယူ လက်ထောက်နည်းပြ ကားလို့စ်ကွီရော့ဇ်သည် သူ၏ ဇာတိနိုင်ငံ ပေါ်တူဂီ လက်ရွေးစင်အသင်းအား နည်းပြရန် ဇူလိုင် ၁၁ရက်က အိုးထရက်ဖို့ဒ်မှ ထွက်ခွာသွားပြီဖြစ်သည်။

အခြေမပျက်

ကွီရော့ဇ်အနေဖြင့် ဘဝတက်လမ်းအတွက် အချိန်ကို အကျိုးရှိစွာ အသုံးချခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အခက်အခဲအများကြီး ဖြစ်ဖွယ်ရှိသော်လည်း ကွီရော့ဇ်အတွက်မူ ပေါ်တူဂီပရိသတ်ထုက သူ၏နောက်မှ ညီညွတ်စွာ လိုက်ပါအားပေးကြမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့တွင် လူတော်များရှိသောကြောင့် အခြေမပျက် ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း ဖာဂူဆန်**(အောက်ပုံ)**က ပြောကြားခဲ့သည်။

လက်ရှိ မန်ယူအသင်းငယ်များတွင် နည်းပြများ ဖြစ်ကြသော မိုက်ခ်ဖီလန်၊ ဘရိုင်ယန်မက်ကလဲ၊ ရီနီမော်လင်စတီးနှင့် မန်ယူခံစစ်မှူးဟောင်း လောရင့်ဘလန်တို့သည် ကားလို့စ်ကွီရော့ဇ်၏နေရာတွင် အစားထိုးတာဝန်ယူရန် ရေပန်းစားနေကြသူများ ဖြစ်ကြသည်။ (အင်တာနက်)

ဗြိတိန်ဂေါက်သီးသမား လူကီဒေါ်နယ်

ဗြိတိန်ဂေါက်သီးသမား လူကီဒေါ်နယ် ဒဏ်ရာကြောင့် ပြိုင်ပွဲမှထွက်ခဲ့ရ

လန်ဒန် ဇူလိုင် ၁၄

ရွိုင်ရယ်ဘာ့စ်ဒေးလ်အိုးပင်း ဂေါက်ရိုက်ပြိုင်ပွဲကို ဇူလိုင် ၁၇ရက်တွင် ကျင်းပမည်ဖြစ်ရာ ဗြိတိန်ဂေါက်သီးသမား လူကီဒေါ်နယ်သည် လက်ကောက်ဝတ်ဒဏ်ရာကြောင့် ပါဝင်ယှဉ်ပြိုင်နိုင်မည်မဟုတ်ဟု သတင်းတွင်ဖော်ပြသည်။ သူသည်ဒဏ်ရာကြောင့် ဇွန်လအတွင်းက အမေရိကန်အိုးပင်းပြိုင်ပွဲနှင့် စကော့တလန်အိုးပင်းပြိုင်ပွဲတို့မှ ထွက်ခဲ့ရသည်။

ကျန်းမာရေး

လက်ကောက်ဝတ်ဒဏ်ရာ ပျောက်ကင်းသက်သာမှုမရှိပါက ခွဲစိတ်ရဖွယ်ရှိသည်။ ဒေါ်နယ်က ရွိုင်ရယ်ဘာ့စ်ဒေးလ်အိုးပင်း ဂေါက်ရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မှု မပြုနိုင်သည့်အတွက် အလွန်အမင်း စိတ်ပျက်မိကြောင်း၊ သို့သော်လည်း မိမိ၏ကျန်းမာရေး အခြေအနေ ကောင်းမွန်လာရန်သည် အဓိကအရေးကြီးကြောင်း လူကီဒေါ်နယ်က ပြောကြားခဲ့သည်။

ဒေါ်နယ်သည် တိုရီပီနက်၌ ကျင်းပသော အမေရိကန် အိုးပင်းနောက်ဆုံးအုပ်စု ဂေါက်ရိုက်ပြိုင်ပွဲတွင် ဒဏ်ရာရရှိပြီးကတည်းက ကျင်းပသော ရိုက်ဒါဖလားပြိုင်ပွဲတွင် ရပ်တည်မှု အဆင့်လျော့ကျခဲ့ရသည်။

ကမ္ဘာ့အဆင့် ၁၉

ကမ္ဘာ့အဆင့် ၁၉ရှိ ဂေါက်သီးရိုက်သမားဒေါ်နယ်သည် အမေရိကန်အိုးပင်းနောက်ဆုံးအုပ်စုပြိုင်ပွဲ၌ ဒဏ်ရာရရှိခဲ့မှုကြောင့် ဆေးစစ်ချက်အရ ယင်းနောက်နေ့တွင် ကစားရမည့်ပြိုင်ပွဲ၌ ဆက်လက်ယှဉ်ပြိုင်ခွင့် မရှိတော့ဘဲ ပြိုင်ဘက်တိုက်ဂါးဝုဒ်က အလိုအလျောက် အနိုင်ရရှိသွားခဲ့သည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့်ဇနီး ဒေါ်မကြည်စိန်တို့အား အမှူးထား၍ သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာန မိသားစုများ၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ ရက်နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် ပျဉ်းမနား ဝိပဿနာကျောင်းတိုက်ဆရာ တော် ဓမ္မာစရိယ ဘဒ္ဒန္တပညာဇောတ၊ နေပြည်တော်လယ်ဝေး သရက်တော ပရိယတ္တိစာသင်တိုက် ဆရာတော် မဟာ ဂန္ထဝါစကပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တကုမာရတို့ အမှူးပြုသော ပင့်သံဃာ တော်များ ကြွရောက်တော်မူကြပြီး ဝန်ကြီး ဦးသောင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီး ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစု များ တက်ရောက်ကြည်ညိုကြသည်။

ပရိတ်တရားတော်နာယူ

ရှေးဦးစွာ ဝန်ကြီးနှင့် ဇနီး၊ ဒုတိယ ဝန်ကြီးနှင့် ပရိသတ်တို့က ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော် များ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နေပြည်တော်ပျဉ်းမနား ဝိပဿနာကျောင်းတိုက် ဆရာတော် ဓမ္မာ စရိယဘဒ္ဒန္တပညာဇောတထံမှ ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်တို့က ရှစ်ပါးသီလ ခံယူဆောက်တည်၍ ဆရာ တော် သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်း ကြပြီး **(အောက်ပုံ)** ဘဒ္ဒန္တကုမာရထံမှ ပရိသတ်တို့က ရေစက်ချအနုမောဒနာ တရား နာကြားကာ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေးကို ယမန်နေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဘွဲ့နှင်း သိမ်မွှေ့ရုံကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

သြဝါဒကထာမြွက်ကြား

ရှေးဦးစွာ အစည်းအဝေးကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သဘာပတိ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ် ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ဆရာတော် အဂ္ဂ မဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက အဖွင့်သြဝါဒ ကထာမြွက်ကြား ချီးမြှင့်တော်မူသည်။

ထို့နောက် သာသနာရေး ဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် **(အပေါ်ပုံ)**က သာသနာရေးဆိုင်ရာများကို ရှင်းလင်း လျှောက်ထားသည်။

ညှိနှိုင်းဆွေးနွေး

ယင်းနောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟို အဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင် ဆရာတော်များက သင်ကြားစီမံကိန်းရပ် များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြလျှောက် ထားညှိနှိုင်း ဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကုဏ္ဍလ ဇောတိက နိဂုံးချုပ်သြဝါဒကထာ မြွက်ကြား ချီးမြှင့်တော်မူပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အစည်း အဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီတော် ဆေးပဒ္ဒာန်းလှူဒါန်း ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် ဆံတော်ရှင် ကျိုက်သုတ်စေတီ တော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် (၁၂၃)ကြိမ်မြောက် ဆေးပဒ္ဒာန်းလှူဒါန်းပွဲကို စည်ကားသိုက် မြိုက်စွာကျင်းပရေးနှင့် လုပ်ငန်းဆပ်ကော် မတီများအား တာဝန်ပေးအပ်ပွဲ အခမ်းအနား ကို ဇူလိုင် ၉ ရက်က အဆိုပါ စေတီတော် မြတ်ကြီး၌ ကျင်းပသည်။

တာဝန်ပေးအပ်

အခမ်းအနားတွင် ဆေးပဒ္ဒာန်း လှူဒါန်းပူဇော်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်က ယခုနှစ်ကျင်းပမည့် ဆေးပဒ္ဒာန်းလှူဒါန်း ပွဲသည် နှစ်ပေါင်းတစ်ရာကျော်မှ စတင်၍ ရိုးရာမပျက် နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခု နှစ် သြဂုတ် ၃၀ ရက် (ဝါခေါင်လကွယ်) တွင် ကျင်းပမည်ဖြစ်၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ကျောင်းပေါင်း ၁၀၈ ကျောင်းနှင့် သီလရှင်ကျောင်း သုံးကျောင်း တို့မှ သံဃာတော်နှင့် သီလရှင်အပါး ၇၀၀၀ ကျော်တို့ ကြွရောက်တော် မူလာကြမည် ဖြစ်ကြောင်းပြောကြားကာ ဆပ်ကော်မတီ အသီးသီးကို တာဝန်ပေးအပ်လိုက်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ၊ အသင်းအဖွဲ့များနှင့် ဆေးတိုက်ပိုင်ရှင်များက ဆေးပဒ္ဒာန်းလှူဒါန်း ပွဲအတွက် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်း အောက်ပစ္စယာ ရှိ မော်လမြိုင်မြို့နယ်အသင်း (ရန်ကုန်) ဖုန်း-၀၁-၂၅၆၁၅၇၊ ဒုတိယ ဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၁-၇၂၈၂၃၇၊ ကျိုက်သုတ် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဒုတိယ ဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆာကူရာမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၄

ဆာကူရာအထူးကုဆေးခန်းမိသားစု၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူ ပူဇော်ပွဲကို ဇူလိုင် ၁၂ရက် နံနက် ၅နာရီခွဲက ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရှင်စော ပုလမ်း အမှတ် ၂၃ရှိ ဆာကူရာအထူးကုဆေးခန်း၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရာဇဂြိုဟ်ကျောင်း တိုက် သက်တော်ရှည် ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဇယန္တ နိုင်ငံတော် သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ ကောဝိဒနောဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသအမှူးပြုသော ဆရာတော် သံဃာတော်များအား ဆာကူရာအထူးကုဆေးခန်းပိုင်ရှင် ဦးဌေးအောင်နှင့် မိသားစုများ၊ ဧည့်သည်တော်များနှင့် ဆာကူရာဆေးရုံဝန်ထမ်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ ရေစက်သွန်းချအမျှ ပေးဝေကြပြီး ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(က-ပ)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ် ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာနဝန်ထမ်းမိသားစုများ၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၂ရက် နံနက်၉နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ခန်းမ၌ ကျင်းပသည်။

ငါးပါးသီလခံယူဆောက်တည်

အခမ်းအနားတွင် နေပြည်တော်ပျဉ်းမနား ရွာကောက်ရပ် မဟာဓမ္မိကာရာမ အုန်းတောပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် သာသနဓဇဓမ္မာစရိယဘဒ္ဒန္တတိဿထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသည့် ပရိတ်တရားတော်ကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်**(အပေါ်ပုံ)**က ဆရာတော်ဘဒ္ဒန္တတိဿအား ဝါဆိုသင်္ကန်း နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးစပါးများတိုးချဲ့ စိုက်ပျိုးနိုင်ရေး မိုးမောက်၌ဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၄

ဗန်းမော်ခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်သည် ဇွန် ၁၇ ရက် နံနက် ၁၁နာရီက မိုးမောက်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စည်းဝေး ခန်းမ၌ မြို့နယ်ဥက္ကဋ္ဌဦးမင်းစိုးနှင့် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ နှင့်တွေ့ဆုံကာ မိုးမောက်မြို့နယ်အတွင်း မိုးစပါးများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ခြံစည်းရိုး ကြက်ဆူပင်များ အပြည့်အဝအောင်မြင်စွာ စိုက်ပျိုးနိုင်ရေးကို အဓိကထား ဆွေးနွေး မှာကြားပြီး အောင်လောင်းကွင်း၌ မိုးစပါး တိုးချဲ့စိုက်ပျိုးနေမှု အခြေအနေကို သွား ရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရ သည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော် ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းအဆောက်အအုံဖွင့်ပွဲနှင့် သားဖွားခန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း နေပြည်တော် ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၄

နေပြည်တော် ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းအဆောက်အအုံဖွင့်ပွဲနှင့် သားဖွားခန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော် ပျဉ်းမနား မြို့နယ် မင်္ဂလာရပ်ကွက်ရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်သီတာ၊ ခရိုင်ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက နေပြည်တော် ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် အဖွဲ့ဝင်များသည် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား ဆေးဝါး၊ အာဟာရနှင့် ထောက်ပံ့ငွေများကိုပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက နေပြည်တော် ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းအတွက် သားဖွားခန်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်သီတာက လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဒေါ်သိန်းသိန်းဌေးက သားဖွားခန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်သီတာက ကျေးဇူးတင် စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း နေပြည်တော် ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းအတွက် သားဖွားခန်းသုံးပစ္စည်းများကို မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်သီတာအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မုံရွာ စီးပွားရေးတက္ကသိုလ် တည်ထောင်သောနေ့ (၁၀)နှစ်မြောက် အထိမ်းအမှတ်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

မုံရွာ စီးပွားရေးတက္ကသိုလ် တည်ထောင်သောနေ့ (၁၀)နှစ်မြောက် အထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဇူလိုင် ၆ရက် ၁၀နာရီက အဆောင် (၁) အစည်းအဝေးခန်းမ၌ တာဝန်ခံပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် မုံရွာ စီးပွားရေးတက္ကသိုလ် ဘွဲ့ရ ကျောင်းသား ကျောင်းသူများ အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ဆက်သွယ်မေးမြန်းနိုင်

ဒုတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် မုံရွာစီးပွားရေးတက္ကသိုလ် အဆောင်(၁) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ မုံရွာစီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး ပါမောက္ခချုပ် ဖုန်း-၀၇၁-၂၂၆၇၁၊ ဌာနမှူး သင်တန်းရေးရာဌာန ဖုန်း-၀၇၁-၂၃၆၅၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ရှေ့နေချုပ်ရုံး နေပြည်တော်မှ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဇူလိုင် ၇ရက်မှ ၁၁ရက်အထိကျင်းပသည့် "၂၀၀၈ခုနှစ် အာရှ-ပစိဖိတ်တရားမဝင်ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးအုပ်စု၏ နှစ်ပတ်လည်အစည်းအဝေးနှင့် နည်းပညာအကူအညီပေးရေး ဆွေးနွေးပွဲ"သို့တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။

ယင်းမြန်မာကိုယ်စားလှယ်အဖွဲ့တွင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီးစစ်အေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဒေါ်ခင်စောဦးတို့လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းတစ်ပွင့်တောင်၌ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက် နာယကချုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရအား တပည့် ဒါယကာ၊ ဒါယိကာမများက စုပေါင်းသိက္ခာထပ်နှင့် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကို ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ဇူလိုင်၁၇ရက် နံနက် ၁၀နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်းဆက်ကပ် လှူဒါန်းလိုသူများအနေဖြင့် သင်္ကန်းတစ်စုံလျှင် ကျပ်ငါးထောင်နှုန်းဖြင့် လှူဒါန်းနိုင်ကြသည်။

ထို့ပြင် ပန်းတစ်ပွင့်တောင်တော်ပေါ်ရှိ အရံစေတီတော်နှင့် နဂါးရုံဘုရားတို့၌ ထီးတော်များ လှူဒါန်းထားသည့် အလှူရှင်များအနေဖြင့် ထီးတော်တင်လှူခြင်းနှင့် ဘုရား အနေကဇာတင်ခြင်းများကို မိမိနှစ်သက်ရာ နေ့ရက်များ၌ လာရောက်တင်လှူပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

သန့်-တည်-ပွားအဖွဲ့ မြင့်မြတ်ပုဂ္ဂိုလ်သင်တန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၄

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း- တည်တံ့-ပြန့်ပွားရေးအဖွဲ့ (သန့်-တည်-ပွား) အဖွဲ့သည် ထေရဝါဒဗုဒ္ဓသာသနာတော်၏ အခြေခံအနှစ်သာရများကို ခိုင်ခိုင်မာမာ သိရှိနားလည် သဘောပေါက်ကျင့်သုံးနိုင်ရေး ရည်ရွယ်၍ န၀မအကြိမ် (စနေ၊ တနင်္ဂနွေ) မြင့်မြတ်ပုဂ္ဂိုလ်သင်တန်းကို ရန်ကုန်တိုင်း တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ဓမ္မဝိဟာရလမ်း၊ အမှတ်(၈)ရှိ သာသနဟိတဓမ္မာရုံကြီး၌ လာမည့် ဇူလိုင်၁၉ရက် (စနေနေ့)တွင် ဓမ္မဒါနသင်တန်းအဖြစ် စတင်ဖွင့်လှစ် ပို့ချမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၁၉ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း (ဥပုသ်နေ့မှ အပ) ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်း ပို့ချရက်ကာလမှာ ရက်ပေါင်း ၂၀ ဖြစ်သည်။ အသေးစိတ်သိလိုပါက သန့်-တည်-ပွားရုံးအဖွဲ့ ဖုန်း-၀၁-၇၂၇၂၂၃ နှင့် ၀၁-၂၁၂၈၂၄ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဧရာဝတီနှင့်ချင်းတွင်း မြစ်ရေအခြေအနေ

(ဇူလိုင် ၁၄ရက် မွန်းလွဲ ၁၂နာရီခွဲ ထုတ်ပြန်ချက်)

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ ပျမ်းမျှအားဖြင့် တစ်နာရီလျှင် ၁ဒသမ၂ စင်တီမီတာနှုန်းဖြင့် မြင့်တက်နေပြီး နောက်၂၄နာရီအတွင်း ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း၊ ဆက်လက်တက်လာနိုင်သည့် အမြင့်ဆုံးရေမှတ်သည် ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာအထက် စင်တီမီတာ ၃၀ (တစ်ပေခန့်) သာရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ထို့အတူ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ကျဆင်းလျက်ရှိနေပြီး နောက်နှစ်ရက်အတွင်း မုံရွာမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ၁၀၀၀အောက်သို့ ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် အတွဲ ၅၊ အမှတ် ၁၄ ထွက်ပြီ

ရန်ကုန် ဇူလိုင် ၁၄

ကရကဋ်ရာသီ ဝါဆိုလ၏ ပုန်းညက်ပန်းများ ဖူးပွင့်မှုနှင့် အတူ ကျေးလက်ဒေသနေ တောင်သူလယ်သမားတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာကို ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ ၅၊ အမှတ် ၁၄ကို ဇူလိုင် ၁၅ရက် **(ယနေ့)** ထုတ်ဝေလိုက်သည်။

(ယာပုံ)

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် **သီးနှံမျိုးပြောင်းလဲခြင်း သွေးသစ်လောင်းခြင်း အကျိုးရလဒ်၊ စပါးထွက်ကောင်းလိုလျှင် ပျိုးခင်းစနစ်တကျပြင်၊ ဈေးကွက်ဝင်ပြောင်းဖူး စိုက်ပျိုးရေး၊ ဂန္ဓမာစိုက်ပျိုး ဝင်ငွေတိုး** စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ **တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် နွားနောက်မွေးမြူရေးသို့၊ ကျွဲ၊ နွား နှာစေးချောင်းဆိုး ရောဂါအတွက် ဆေးစွမ်းကောင်းတစ်လက်၊ မြန်မာ့ခိုင်းနွား** စသည့် မွေးမြူရေးဆောင်းပါးများ၊ **အဘိုးအိုတို့၏ ဒုက္ခဝေဒနာများ၊ စိတ်ကျန်းမာရေး၊ ဓာတ်မတည့်ခြင်း သို့မဟုတ် အင်ပျဉ်နာ၊ ဆေးစွမ်းထက်သည့် ရဲယိုသီး၊ ကြက်သွန်ဖြူကို ဆေးလိုသုံး**စသည့် ကျန်းမာရေး ပညာပေးဆောင်းပါးများ၊ **ရိုးသားဖြောင့်မတ်ခြင်း၊ အကျိုးပြုနေသော ယောနယ်ကရေရှပတ်စက်များ၊ မှတ်ဉာဏ်ကောင်းဖို့ အာဟာရဖြည့်စို့၊ ကျွန်တော့်ဖေဖေနဲ့ ရွှေဒင်္ဂါးရှစ်ပြား** စသည့် အသိပညာပေးသုတဆောင်းပါးတို့အပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဝယ်ယူရရှိနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင် တို့တွင် တစ်စောင်လျှင် ကျပ် ၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဆက်သွယ်ပေးပို့နိုင်

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက ဝယ်ယူရရှိပြီးသောမြေ၌ ကျောင်းဆောင်နှင့် အခြားသောသာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် တောင်ငူမြို့ အမှတ် ၃၅၁ (၂)ရပ်ကွက် နန်းကလျာလမ်းနေ နှစ်ဖက်သော မိဘများအားရည်စူး၍ ဦးကျော်ခင်-ဒေါ်ခင်စိုး၊ သမီး သီတာစိုး၊ သား ဗိုလ်မှူး ရဲမျိုးမင်း၊ သမီး ခင်မျိုးကျော် မိသားစုက အလှူငွေကျပ် ၁၂၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်ဉာဏဂ္ဂ (ပညာမြေကျောင်း)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့်စာစီစာကုံးပြိုင်ပွဲ မြိတ်၌ကျင်းပ

မြိတ် ဇူလိုင် ၄

တနင်္သာရီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၁ရက် နံနက် ၉ နာရီက မြိတ်မြို့အထက(၁)ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်များမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အဖြစ် မိသားစုဘဝသာယာရေး မျိုးဆက်ပွားကျန်းမာရေး လက်တွေ့ဖော်ဆောင်ပေး ခေါင်းစဉ်ဖြင့် ပိုစတာပြိုင်ပွဲကို ကျောင်းသားကျောင်းသူ ၆၁ ဦးကလည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲကို ကျောင်းသားကျောင်းသူ ၂၄၉ဦးကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်တွင် ဆောက်လုပ်လျက်ရှိသော သီရိမင်္ဂလာ ဘုန်းတော်ကြီး ပညာသင်ကြားရေးကျောင်း သုံးထပ်ကျောင်းဆောင်အတွက် အမှတ် ၁၃၅၃ ရန်ကြီးအောင်လမ်း မေတ္တာညွန့်ရပ်ကွက်နေ ဦးစိန်ဝင်း-ဒေါ်ချိုချို၊ သမီး မအေးအေးသွယ်၊ သား မောင်မြတ်မိုး မိသားစုက စတုတ္ထအကြိမ်ငွေကျပ် ၅၅၀၀၀၀ ကို ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၁၇၁)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မုံရွာ၌ကျင်းပ ထူးချွန်သူများဂုဏ်ပြုမှတ်တမ်းနှင့် ဆုပေးအပ်ချီးမြှင့်

မုံရွာ ဇူလိုင် ၇

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၈ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မုံရွာမြို့ အလက(၃)မှ ကျောင်းသူကလေးများက မြန်မာအမျိုးသမီးများ သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက သုခမ္မသိင်္ဂီဘွဲ့ရ စစ်ကိုင်းမြို့ ထိန်ငူသီလရှင်စာသင်တိုက်မှ ဒေါ်ကျင်ဌေးအားလည်းကောင်း၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးဖြင့်ထူးချွန်အောင်မြင်ခဲ့ကြသည့် ဖွံ့ဖြိုးရေး အထကမှ မအင်ကြင်းမွှေး၊ ဇီးကုန်း အထကမှ မခင်စောပြည့်၊ ကျွန်းလှအထကမှ မစီစီစိန်၊ မုံရွာ အထက(၃)မှ မနှင်းဝေလှိုင်၊ ကျားတက် အထက(ခွဲ)မှ မစုသက်ဝေ၊ ကလေးမြို့ အထက(၁)မှ မငွေနှင်းချိုတို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ထူးချွန်ဆုငွေများကို ချီးမြှင့်ပေးသည်။

ထို့နောက် ဗဟိုအဆင့်နှင့်တိုင်းအဆင့် ကျင်းပခဲ့သည့် နှေးကြီးရက်ကြီး အထိမ်းအမှတ်ပြိုင်ပွဲများတွင် စစ်ကိုင်းတိုင်းမှ ပထမနှင့် ထူးချွန်ဆုရရှိကြသည့် အမျိုးသမီးငယ်များနှင့် ကျောင်းသူလေးများအား တာဝန်ရှိများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက တိုင်းအမျိုးသမီးရေးရာအဖွဲ့သို့ အလှူငွေများလှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ မြန်မာအမျိုးသမီးများသီချင်း သီဆိုခဲ့ကြသည့် မုံရွာမြို့ အလက(၃)မှ ကျောင်းသူကလေးများနှင့် ဆံကေသာအလှနှင့် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲတွင် သီဆိုဖျော်ဖြေပေးခဲ့သော ကုံ့ကော်ချစ်သူ တေးဂီတအဖွဲ့အားလည်းကောင်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးသည်။ (တိုင်း ပြန်/ဆက်)

ဇွန် ၂၉ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော သဲရေစစ်ကန်တည်ဆောက်ခြင်းလုပ်ငန်းကို ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်/ယာ) ဦးကျော် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်သားမြို့နယ် သံဃာ့ဝန်ဆောင်အဖွဲ့စည်းဝေး

မြစ်သား ဇွန် ၃၀

မြစ်သားမြို့နယ် (ဆ၃၄မ) အကြိမ် သံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဇွန် ၁၉ ရက်က မင်းဘုန်းကျောင်းတိုက် ပဋ္ဌာန်းဓမ္မာရုံ၌ ကျင်းပသည်။

ဆောင်ရွက်

အခမ်းအနားတွင် သဘာပတိ ဆရာတော်အဖြစ် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တပုညက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တ ကောဏ္ဍညက ဆောင်ရွက်သည်။

ဖွင့်လှစ်

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးက သာသနာတော်ဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။

ထို့နောက် မြို့နယ်သံဃနာယက အဖွဲ့၏ တစ်နှစ်တာအစီရင်ခံစာကို မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တသုမနက ဖတ်ကြားတင်သွင်း၍ တိုက်နယ်လေးခုမှ ကိုယ်စားပြုဆရာတော်လေးပါးတို့က အကြံပြု ဆွေးနွေးကြရာ မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်ဥက္ကဋ္ဌ တလိုင်းဘုန်းဆရာတော် ဦးကောဝိဒက ပြန်လည်ရှင်းလင်း တင်ပြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

မော်လမြိုင် ဇူလိုင် ၅

မွန်ပြည်နယ် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ရဲတပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂၉ ရက်က မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရွှေအေးက ပညာသင်စရိတ်ထောက်ပံ့ရခြင်းကို ရှင်းလင်းတင်ပြပြီး ဒုတိယရဲမှူးကြီးရွှေအေးက မူလတန်းအဆင့် ၃၇ ဦးအတွက် တစ်ဦးလျှင်ထောက်ပံ့ငွေကျပ်သုံးထောင်၊ အလယ်တန်း အဆင့် ၂၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်လေးထောင်၊ အထက်တန်းအဆင့် ခုနစ်ဦး အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်ငါးထောင်၊ တက္ကသိုလ်အဆင့်သုံးဦးအတွက်တစ်ဦး လျှင် ငွေကျပ်ခြောက်ထောင်တို့ကို ခွဲဝေပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ) (၀၁၄)**

ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

မိုးညှင်း ဇူလိုင် ၅

မိုးညှင်းခရိုင် မိုးညှင်းမြို့သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၁၂ရက်က နားခါရပ်ကွက် အနောက်ရထာလမ်းမကြီးတစ်လျှောက်ရှိ ရေမြောင်းများတူးဖော်ခြင်း၊ နုန်းမြေများဆယ်ယူခြင်း၊ အမှိုက်သရိုက်များ သိမ်းဆည်းခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းကြပ်မတ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်ချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အေးစေတီလမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇွန် ၂၀ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်အေမီဇွန်ထွေး ကြီးကြပ်ဆောင်ရွက်မှုကို လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုးကုတ်မြို့ အလက(၁) မိုးချယ်ရီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

မိုးကုတ် ဇူလိုင် ၂

ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့ မြို့မရပ်ကွက်၊ ရှမ်းတောရပ်ကွက် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ မိုးချယ်ရီနှစ်ထပ်ကျောင်းဆောင်သစ်ကို မြို့မရပ်နေ ဦးအုန်းဗဟာဒူး-ဒေါ်လက်ချ်မီး မိသားစုက ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်နှင့် အလှူရှင် ဦးအုန်းဗဟာဒူးတို့က ဖဲကြိုးဖြတ်၍ မိုးချယ်ရီကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့မရပ်ကွက် မြို့မခန်းမ၌ ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က အမှာစကားပြောကြားပြီး အမှတ်(၂)အခြေခံပညာ ဦးစီးဌာန မန္တလေးတိုင်း တိုင်းပညာရေးမှူး ကိုယ်စား မြို့နယ်ပညာရေးမှူး ဦးသာထူးက ရှမ်းတောအမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းနှင့် ပတ်သက်၍ ရှင်းလင်းကာ အလှူရှင်ဦးအုန်းဗဟာဒူးက ငွေကျပ်သိန်း ၂၅၀တန်ဖိုးဖြင့် လှူဒါန်းတည်ဆောက်ခဲ့သည့် ကျောင်းဆောင်သစ်ကြီး ဖြစ်ပေါ်လာရခြင်းကို ရှင်းလင်းတင်ပြ၍ ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရင်းဇယားများကို မြို့နယ်ပညာရေးမှူး ဦးသာထူးသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **(အပေါ်ယာပုံ)** (မြို့နယ် ပြန်/ဆက်)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းအတွင်းရှိ ရတနာမဠ္ဍုမ္မရိပ်သာတွင် တည်ဆောက်လျက်ရှိသော စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် အမှတ် ၈၄၁ သမိုင်း(၁)ရပ်ကွက် (၂)လမ်းနေ ဦးကျော်စိန်-ဒေါ်မအောင်သာ၊ သမီးမမြိုင်ဦး၊ သားမောင်ဆန်းဝင်း မိသားစုက အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)က ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဆိပ်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့

ဆိပ်ဖြူ ဇူလိုင် ၃

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း သားသမီးများအား ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၀ရက်က အဆိုပါဌာန ငွေသဲဖြူခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ထွေ/အုပ် ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က အဖွင့်အမှာစကားပြောကြားပြီး အဋ္ဌမတန်းကျောင်းသူ မအိအိအောင်နိုင်အား ပညာသင်ထောက်ပံ့ကြေးပေးအပ်သည်။

ထို့နောက် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသားကျောင်းသူ ၃၈ဦးအား ပညာသင်စရိတ်နှင့် စာရေးကိရိယာ ငွေကျပ် ၈၇၃၀၀ ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့ရိပ်သာသမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်နိုင်ရန်အတွက် အမှတ် ၂၀၁၊ ၂၈လမ်း ပန်းဘဲတန်းမြို့နယ်နေ ဦးဖြူလွင်-ဒေါ်ရှုယုံ မိသားစုက အလှူငွေကျပ် တစ်သိန်းတန်ဖိုးရှိသော မိုးကုတ်ကျောက် ၁၆ပွင့်ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်အေး (အလှည့်ကျသဘာပတိ)နှင့် ဦးလှမင်းတို့လက်ခံ ယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

လူမှုရေးအသင်းအဖွဲ့များ အရင်းမပျောက်မတည်ငွေများမောက်မယ်၌ပေးအပ်

မောက်မယ် ဇူလိုင် ၈

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့်နှင့်လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များတွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၂ရက် မွန်းလွဲ ၂နာရီက မောက်မယ်မြို့ နမ့်ယွန်းခန်းမ၌ ကျင်းပသည်။

လက်ခံ

အခမ်းအနားတွင် မောက်မယ်မြို့နယ် ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းက ဒေသဖွံ့ဖြိုးရေး အခြေအနေများကိုတင်ပြပြီး တိုင်းမှူးက လူမှုရေးအသင်းအဖွဲ့များအား အရင်းမပျောက်မတည်ငွေကျပ် ငါးသိန်းစီ ပံ့ပိုးပေးအပ်ရာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းဆိုင်နော်၊ အရန်မီးသတ်တပ်စုမှူးမောင်ဦးနှင့် မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့တပ်စုမှူး အောင်သူရိန်တို့က လက်ခံယူကြသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)ပြည်နယ်စီမံကိန်းမှူး ဦးနေဝင်းက ၂၉လက်မတီဗွီနှင့် ဒီဗွီဒီစက်တစ်လုံးပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းက လက်ခံယူပြီး ပြည်နယ်အသင်းအမှုဆောင် ဦးကျော်စိုးလှိုင်က မြို့နယ်အသင်းသို့ ဝတ်စုံများပေးအပ်လှူဒါန်းရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုင်းဆိုင်နော်က လက်ခံယူသည်။ ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းက မြို့နယ်အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝတ်စုံများကို ပေးအပ်ရာ တာဝန်ရှိသူများမှ လက်ခံယူသည်။

ဖွံ့ဖြိုးရေး

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးဦးဆန်းမြင့်က ကျိုင်းတောင်းရေအားလျှပ်စစ်မီး ရရှိမှုအခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မိုးမောက်၌ သစ်ပင်စိုက်ပျိုး

မိုးမောက် ဇူလိုင် ၆

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ရက်က မိုးမောက်မြို့ ကျခန်းဒတ်ကျေးရွာ ဗန်းမော်-မြစ်ကြီးနားကားလမ်းမဘေးတစ်လျှောက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ကျွန်းပင် ၂၀၀၀နှင့် ကြက်ဆူပျိုးပင် ၁၂၀၀တို့ကို စိုက်ပျိုးကြသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ လှိုင်ကော်၌ကျင်းပ ထူးချွန်သူများဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်

လွိုင်ကော် ဇူလိုင် ၁၀

၂၀၀၈ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၈နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အမျိုးသမီးငယ်ရွယ်တယောအဖွဲ့က မြန်မာအမျိုးသမီးငယ်ရွယ်များသီချင်းဖြင့် ဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆုချီးမြှင့်

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အုန်းရင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး**(အောက်ပုံ)၊** မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးဆုရရှိကြသူများ၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ငါးဘာသာ၊ လေးဘာသာ ဂုဏ်ထူးရရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲတို့တွင် ရွှေတံဆိပ်ရရှိခဲ့ကြသူများ၊ (၃၅)ကြိမ်နှင့် အထက်သွေးလှူရှင်များ၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများ၊ အမျိုးသမီးရေးရာမဂ္ဂဇင်းတွင် ပါဝင်ရေးသားသည့် ဆောင်းပါးရှင်တို့အား ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းရင်၊ စီမံရေးရာဌာနတာဝန်ခံဒေါ်သင်္ဂီမော်၊ စည်းရုံးဌာနတာဝန်ခံ ဒေါ်သန်းသန်းမူနှင့် ပညာရေးလုပ်ငန်းခွဲအဖွဲ့ခေါင်းဆောင်ဒေါ်မြမြတို့က ဆုများချီးမြှင့်ပေးသည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် ပြည်နယ်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသော အမျိုးသမီးရေးရာအဖွဲ့ဝင်များက ၂၀၀၈ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် ဆုရစာစီစာကုံးပြခန်းကို ကြည့်ရှုကြသည်။ (ပြည်နယ် ပြန်/ဆက်)

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေး နှစ်ကန့်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဘဲဂရက်-ဒီးဒုတ် ကျေးလက်ကျောက်ချော လမ်း ခင်းခြင်းလုပ်ငန်းကို အမှုဆောင် အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းတို့ ကြီးကြပ်ပေးစဉ်။ (၁၄၉)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၇၉၇၈ ဟွန်ဒါ C-90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာထွန်း ၉/မဟမ(နိုင်)၀၂၁၈၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်းနိုင်

စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ငါးသိန်း၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀ သိန်း၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၁၀သိန်းနှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်နိုင်

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၂၁၅၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇၊ ညွှန်ကြားရေးမှူး (ရန်ကုန်တိုင်း စည်ပင်သာယာရေး အဖွဲ့) ဖုန်း-၀၁-၂၉၁၉၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

＊ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

＊ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် ပြောင်းလဲခဲ့ပြီဖြစ်သည်။ ပြောင်းလဲမှုသည် နိမ့်ရာမှ မြင့်ရာသို့၊ အရေအတွက်မှ အရည်အချင်းသို့ ဖြစ်၏။ ၂၉-၅-၂၀၀၈ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် ၇/၂၀၀၈ ဖြင့် အတည်ပြု ပြဋ္ဌာန်းလိုက်ကြောင်း ထုတ်ပြန်ကြေညာပြီးဖြစ်သည်။ ထိုနေ့မှစတင်၍ တည်ဆဲ တပ်မတော် အစိုးရသည် ဆန္ဒမဲပေးခွင့်ရှိသူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း၏ ယုံကြည်ကိုးစားထောက်ခံမှုကို ရရှိသော အစိုးရဖြစ်သွားသည်။

မောင်စေတနာ (B.A, B.Ed) ၏ ဆောင်းပါး စာ-၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများ ဒေးဒရဲမြို့၌ သွားနှင့်ခံတွင်းရောဂါကုသပေး

ရန်ကုန် ဇူလိုင် ၁၄

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ ဆရာဝန်များကောလိပ်မှ သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများအဖွဲ့သည် မြန်မာနိုင်ငံအဖွဲ့ခေါင်းဆောင် သွားဘက်ဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာချိုစစ်ဦးဆောင်၍ သွားဘက်ဆိုင်ရာ ဆရာဝန် ၁၃ ဦးနှင့် အထောက်အကူပြုအဖွဲ့ ကိုးဦးလိုက်ပါကာ ဧရာဝတီတိုင်း ဒေးဒရဲမြို့ လေဘေးသင့် ဒေသမှပြည်သူများအား သွားနှင့်ခံတွင်းရောဂါ ကျန်းမာရေးစောင့်ရှောက်မှု ပေးရန် ဇူလိုင် ၁၃ ရက်တွင် ဒေးဒရဲမြို့သို့ သွားရောက်၍ သာသနာ့ရိပ်သာ အိုးဘိုကျောင်းတိုက်တွင် သွားနှင့်ခံတွင်းရောဂါဝေဒနာရှင် ၂၃၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး သွားတိုက်ဆေးနှင့် သွားပွတ်တံများ လှူဒါန်းခဲ့သည့်အပြင် သာသနာ့ရိပ်သာ အိုးဘိုကျောင်းတိုက်သို့လည်း နဝကမ္မအလှူငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**